# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း(မူကြမ်း)

## ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
## (၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# ပြည်သူ့လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၈၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရေစုစုပေါင်းရဲ့ ၉၈.၂၃ ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံ ထက်ကျော်လွန်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၀၊ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နှင့် (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးစတုတ္ထနေ့အစီအစဉ်ကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်းဆက်လက် ဆောင်ရွက်သွားပါမယ်။

အစီအစဉ်များ ဆက်လက်မဆောင်ရွက်မီ ယမန်နေ့က ဖြစ်ပျက်ဆောင်ရွက်ခဲ့တဲ့ အခြေအနေ များနှင့်ပတ်သက်ပြီး လွှတ်တော်သို့ တင်ပြစရာရှိပါတယ်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိပါတယ်။ ဝတ်ရုံကြီးကြောင့် ချွေးတွေကထွက်၊ အခြားအကြောင်းကလည်းရှိ၊ အချိန်ကလည်း ၄း၀၀ နာရီ ပြည့်နေပြီ။ မိမိအနေနဲ့ အစည်းအဝေးက ကိုယ့်အကြောင်းနဲ့ကိုယ် ပြန်ထွက်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် နားလည်မှုလွဲမှားပြီး မြင်ကွင်းသိပ်မကောင်းတဲ့အတွက် စိတ်မကောင်းဘူး ဖြစ်ပါတယ်။ ဝမ်းနည်းတယ်လို့ပဲပြောရမှာ ဖြစ်ပါတယ်။ ယမန်နေ့ကလည်း ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ် အတိုင်းကျင်းပမယ်လို့ ကြိုတင်ကြေညာထားသော်လည်း လက်တွေ့အခြေအနေမှာတော့ ပြောင်းလဲ ဆောင်ရွက်ရန်ရှိတဲ့အတွက် လိုအပ်ချက်အရ ဆွေးနွေးတဲ့သူများကို ကျော်၍ခေါ်ခဲ့ရတာလည်း ရှိပါတယ်။ အကြောင်းရှိပါတယ်။ ဒါကြောင့်လည်း ဒီနေ့ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်လို့ပြောတဲ့ နေရာမှာ မည်သို့ပင်ကြိုတင်ဖြန့်ဝေထားသည်ဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ အခြေအနေအရ သုံးသပ်

ပြီးတော့ ပြောင်းလဲဆောင်ရွက်မယ်ဆိုတာလည်း ကြိုပြီးတော့ အသိပေးပါတယ်။ အဲဒီနည်းတူပဲ အချိန်ကို လွှတ်တော်ရဲ့နည်းဥပဒေအရ ညနေ ၄း၀၀ နာရီမှာ ဆောင်ရွက်ရမယ်။ ၄း၀၀ နာရီထက် မကျော်ရဆိုတဲ့အတွက် မိမိအနေနဲ့လည်း လိုအပ်လို့ရှိရင် လွှတ်တော်ကို ကြိုတင်ပြီးတော့ ၄း၃၀ အထိ ဆောင်ရွက်ဖို့ ကြိုတင်ခွင့်တောင်းမယ်ဆိုပေမယ့်လို့ တောင်းနိုင်မယ့် အခြေအနေ မရှိခဲ့ပါဘူး။ ညနေပိုင်းအစည်းအဝေးမှာ ကိုယ်စားလှယ်များသိတဲ့အတိုင်းပဲ ဒီညာဘက် Screen က အရုပ်တွေ မပေါ်။ မပေါ်တာတွေ့တဲ့အတွက် အရုပ်တွေပေါ်ဖို့ မိမိကြိုးစားပါတယ်။ အထူးသဖြင့်တော့ မိမိရဲ့ ဘယ်ဘက်မှာရှိတဲ့ အခမ်းအနားမှူးအဖွဲ့ကို ပုံစံမျိုးစုံနဲ့ မိမိထံလာအောင်ပြောသော်လည်း သူတို့မမြင် ကြပါ။ အဲဒီနည်းတူ မမြင်တဲ့အတွက် ဟိုဘက်မှာရှိကြတဲ့၊ ညာဘက်မှာရှိကြတဲ့ လွှတ်တော်ကိုယ်စားလှယ် များဟာ ဘယ်ဘက်မှာဆွေးနွေးတဲ့ပုဂ္ဂိုလ် ဘယ်သူဘယ်ဝါဆိုတာ ဘယ်လိုမှမမြင်နိုင်တော့ပဲနဲ့ ဒီဘက်ကိုလှမ်းပြီးတော့ ကြည့်နေရတဲ့အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီရဲ့ညာဘက်ခြမ်းက ပုဂ္ဂိုလ်များက အသံသာကြားပြီးတော့ ဘယ်သူဘယ်ဝါဆွေးနွေးတယ်ဆိုတာမသိတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိလွှတ်တော်ဥက္ကဋ္ဌအနေနဲ့လက်ညှိုးတွေ ဟိုထိုး၊ ဒီထိုး၊ ဟိုပြော၊ ဒီပြော ပြောသော်လည်း ဒီ Screen ကြီးက ဒီအတိုင်းပဲရှိတယ်။ အဲဒီအချိန်မှာ မိမိက မိမိရဲ့ အခမ်းအနားမှူး များကိုလည်း ထပ်ပြီးတော့ပြောတယ်။ မမြင်ဘူး။ မကြားဘူး။ အခမ်းအနားမှူးရဲ့ တာဝန်ကဘာလဲ။ သူတို့မသိကြဘူး။ အဲလိုမသိခြင်းကလည်း ဘယ်သူ့မှာတာဝန်ရှိလဲဆိုတဲ့အခါမှာ မိမိဥက္ကဋ္ဌမှာပဲ တာဝန် ရှိတယ်။ ဒီလိုပဲ ခံယူပါတယ်။ ဒါ့ကြောင့် ညနေပိုင်းအစည်းအဝေးမှာ မိမိညာဘက် ခြမ်းက TV Screen အရုပ်တွေမထင်တာတွေကြောင့် အခမ်းအနားမှူးကို ကြည့်တယ်။ ခေါ်တယ်။ မမြင်ဘူး။ ဒါ့ကြောင့် မိမိကိုယ်တိုင်ပဲ လက်ဟန်၊ ခြေဟန်နဲ့ပြောရပါတယ်။ ပြောမယ်ဆိုရင်တော့ အိန္ဒြေပျက်စွာပဲ ကျွန်တော် ဒီလိုဆောင်ရွက်ခဲ့ရပါတယ်။ ဒါပေမယ့်လို့ မအောင်မြင်ပါဘူး။ တစ်ခါက လွှတ်တော်ထဲမှာ အဆိုများ တင်သွင်းဖို့အစီအစဉ်မှာ ဦးအောင်သိန်းလင်း အဆိုတင်သွင်းတဲ့နေရာမှာ အဆိုခေါင်းစဉ် ပြောင်းလဲ တင်သွင်းခဲ့ပါတယ်။ ဒါကိုလည်း ဂုဏ်သိက္ခာအားဖြင့် အခြေအနေအရ ဒီအဆိုကို ပြောင်းလဲ တင်တာကို ကျွန်တော့်ဆုံးဖြတ်ချက်နဲ့ လက်ခံခဲ့ပါတယ်။ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်း ခြင်းကို သတ်မှတ်ထားတဲ့ရက်မှာ လွှတ်တော်ကို ပေးပို့တင်ပြရမှာ ဖြစ်ပါတယ်။ အခု အစီအစဉ် ဆွဲထားတဲ့နေရာမှာ ဒီအဆိုသည် လွှတ်တော်ကို တင်ပြတဲ့မေးခွန်းပေါ်မှာ မူတည်ပြီးတော့ အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဒီအဆိုတွေကိုပဲ သက်ဆိုင်ရာတာဝန်ရှိတဲ့ဌာန၊ ပုဂ္ဂိုလ်တွေက ဖြေကြားနိုင်ဖို့ အတွက် သက်ဆိုင်ရာဌာနတွေကိုလည်း ကြိုတင်ပြီးတော့ ပေးပို့ရပါတယ်။ အဲဒီလို ကြိုတင်ပေးပို့လို့

ဖြေနိုင်ပြီဆိုတဲ့ သက်ဆိုင်ရာရဲ့ အကြောင်းကြားမှုရတော့မှ ဒီအဆိုကို အခမ်းအနားအစီအစဉ်မှာ ထည့်ပြီးဆွဲရတာ ဖြစ်ပါတယ်။ သို့ရာတွင် ခုနက အခြေအနေမျိုးမှာ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ရုတ်တရက်ပြောင်းလဲ တင်လိုက်တဲ့ဟာကို မဟန့်တားတော့ဘဲ တင်ခွင့်ပြုပါတယ်။ ထောက်ခံတဲ့သူက လည်း ထောက်ခံပါတယ်။ ထောက်ခံပြီးတဲ့အခါမှာ ဒီအဆိုကိုဆွေးနွေးဖို့ နောက်နေ့ဆိုတာဒီနေ့မှာ ဆွေးနွေးဖို့ ကြေညာလိုက်ပါတယ်။ ကြေညာပြီးတဲ့အခါမှာ အဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတဲ့သူ များရှိလို့ရှိရင် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ညနေဘက်မှာ သတင်းပို့လို့ ဒီလို ဆုံးဖြတ်ခဲ့ပါတယ်။ ဒါပေမယ့် အစည်းအဝေးအခန်းအပြင် ရောက်တဲ့အခါမှာ ပြန်စဉ်းစားကြည့်ပါတယ်။ မိမိတို့ရဲ့ ဆုံးဖြတ်ဆောင်ရွက်မှုဟာ ဥပဒေ၊ နည်းဥပဒေနဲ့မညီ ဖြစ်သွားနိုင်တဲ့အတွက် သက်ဆိုင်ရာကို အကြောင်းကြားပါ။ ဒီကနေ့ ဒီနေ့ဆိုတာ ဒီနေ့မှာ ဒီအဆိုနဲ့ပတ်သက်လို့ ဆွေးနွေးမှုမပြုပါနဲ့။ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ဒီအဆိုကို ဖြေနိုင်အောင် ပြန်ပြီးစဉ်းစားပါစေဆိုပြီးတော့ မနေ့က ကျွန်တော်တို့ ဒီမှာ ဆုံးဖြတ်တဲ့ဟာကိုလည်း ဒီလိုပဲ ပြောင်းလဲခဲ့တာရှိပါတယ်။ ဘာပဲဖြစ်ဖြစ် လွှတ်တော် အစည်းအဝေး အောင်မြင်အဆင်ပြေအောင် ဆောင်ရွက်ဖို့ လွှတ်တော်ဥက္ကဋ္ဌမှာလည်း တာဝန်ရှိတယ် လို့ ခံယူပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ လိုအပ်ချက်များရှိရင် အကြံပြုချက်များရှိလို့ရှိရင် အချိန်မရွေး ကျွန်တော်တို့ဘက်က လက်ခံဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း တင်ပြခြင်းဖြစ်ပါ တယ်။ အဲဒီလိုပဲ မနေ့တုန်းက လွှတ်တော်အစည်းအဝေးတက်တဲ့အခါမှာ ဂိတ်မှာအဆင်မပြေမှုများ ရှိတယ်ဆိုတာကိုသိရတဲ့အတွက် ကျွန်တော် မနေ့ကလည်း ဒီကိစ္စနှင့်ပတ်သက်လို့ တင်ပြပြီးပါပြီ။ တင်ပြတယ်ဆိုတာ ဒီကိစ္စကလည်း လွှတ်တော်တစ်ရပ်လုံးနဲ့ ဆိုင်ပါတယ်။ လွှတ်တော်ရဲ့ဂုဏ်သိက္ခာ၊ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာရှိဖို့ဆိုလို့ရှိရင် လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာနဲ့အရည်အချင်းဟာလည်း အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် လွှတ်တော်ကို ပြန်လည်တင်ပြခြင်း ဖြစ်ပါတယ်။ မနေ့ကလည်း တင်ပြပြီးပါပြီ။ ပိုပြည့်စုံတယ်။ ကျွန်တော်က ဒီသတင်းရတာနဲ့တစ်ပြိုင်တည်း ဒီနေ့ လွှတ်တော်အစည်းအဝေးကို ဖြေကြားဖို့ရောက်နေတဲ့ ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုဆီ တယ်လီဖုန်းနဲ့ဆက်ပြီးတော့ ကျွန်တော် အကြောင်းကြားပါတယ်။ အကြောင်းကြားတဲ့ နေရာမှာ ဒီလိုတော့ဖြစ်တယ် ပြောတယ်။ သက်ဆိုင်ရာတာဝန်ရှိတဲ့သူတွေကို မဆူပါနဲ့၊ အရေးမယူပါနဲ့ အဓိကကတော့ အဆင်ပြေချောမွေ့အောင် လုပ်ပေးဖို့ပဲဖြစ်ပါတယ် ဆိုပြီးတော့ ဒီလိုပြောခဲ့ပါတယ်။ ဒီလိုပြောပြီးတဲ့အခါမှာ ဒီနေ့ ဂိတ်တွေကို သွားပြီးတော့ ကျွန်တော် ကြည့်ပါတယ်။ ကြည့်တဲ့အခါမှာ ဂိတ်မှာတော့ ကားတွေတန်းစီပြီး ရပ်ထားတာမတွေ့ဘူး။ သူတို့နဲ့ စကားပြောပါတယ်။ စကားပြောတာ

ကတော့ ဒီလိုကြားတယ်၊ ဒီလိုကြားတဲ့အတွက် မင်းတို့ရဲ့ ဝန်ကြီးဆီအကြောင်းကြားတယ်။ ဝန်ကြီးက လည်း အဆင်ပြေအောင်၊ ချောမွေ့အောင်လုပ်ဖို့ ကျွန်တော် ပြောလိုက်ပါမယ်လို့ပြောတယ်။ အဲဒီ အခြေအနေကို အခြေအနေမှန်သိအောင်လာကြည့်တာ သူတို့ကို ဒီလိုပြောပါတယ်။ ပြီးတဲ့အခါမှာ မင်းတို့တွေလည်း မင်းတို့တာဝန်အရ ဆောင်ရွက်တဲ့နေရာမှာ တာဝန်ကျေပွန်စွာ ဆောင်ရွက်တဲ့ အတွက်လည်း ငါတို့အသိအမှတ်ပြုတယ်။ မှတ်တမ်းတင်တယ်။ သို့ရာတွင် အဆင်ပြေအောင် လုပ်ဖို့ လည်းလိုတယ်။ ဒါလေး တာဝန်ရှိတဲ့သူတွေကို ပြောခဲ့ပါတယ်။ ပြောတဲ့အခါမှာ တချို့ကိစ္စကျတော့ ညွှန်ကြားချက်ထဲမှာ ဘာပစ္စည်းမပါရ။ ဒီလိုပါတဲ့အတွက် အဲဒါတွေကို စိစစ်သိမ်းဆည်းဖို့အတွက် သူတို့မှာတာဝန်ရှိတယ်ဆိုတာနဲ့အညီ ဒီလိုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒါနဲ့ပတ်သက်လို့ ဒီညွှန်ကြားချက် ဖြေလျှော့ပေးမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့လည်း လုပ်ရတာအဆင်ပြေပါတယ်။ အဲဒါမှ မဟုတ်ဘူးဆိုရင် ညွှန်ကြားချက်မှာတစ်မျိုး၊ လက်တွေ့လုပ်တဲ့အခါမှာတစ်မျိုးဖြစ်တဲ့အတွက် သူတို့မှာလည်း အခက်အခဲရှိတယ်ဆိုတဲ့အကြောင်းလည်းဒီလိုပြောပါတယ်။ ဒါ့ကြောင့်မို့လို့ အဲဒီ ညွှန်ကြားချက်နဲ့ပတ်သက်လို့ နှုတ်မိန့်နဲ့ပဲ ဖြေလျှော့ပေးခဲ့ပါတယ်။ ဘာဆိုတာကိုတော့ ကျွန်တော် ဒီမှာပြောစရာမလိုပါဘူး။ အဲဒီမှာ သူတို့ မူလအစီအစဉ်အတိုင်းပဲ ကားတွေရပ်တယ်။ ပြီးတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဆင်းတယ်။ လမ်းလျှောက်တယ်။ ပြီးတဲ့အခါမှာ ခုနက ဒီဂိတ် ဂိတ်ထဲကို ဂိတ်ထဲဆိုတာ သူတို့ဂိတ်ထဲကိုဝင်တယ်။ ဝင်ပြီးတဲ့အခါမှာ အပြင်ကိုထွက်တယ်။ ထွက်တာနဲ့ပတ်သက်လို့ လို၊ မလို သူတို့ကို ကျွန်တော် မေးပါတယ်။ မေးတဲ့အခါမှာ သူတို့ တိတိကျကျမဖြေပါဘူး။ သို့ရာတွင် ညွှန်ကြားချက် ဒီလိုရှိတယ်ဆိုတဲ့အကြောင်း ပြောပါတယ်။ ဒါ့ကြောင့်မို့လို့ စုစည်းပြီးလာတဲ့ကားတွေရှိပါတယ်။ သီးခြားတစ်ဦးစီ၊ တစ်ဦးစီလာတဲ့ကားတွေရှိပါ တယ်။ သီးခြားလာဖို့အတွက်ကလည်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဂုဏ်သိက္ခာနဲ့ Convenience ဖြစ်အောင် ကျွန်တော်တို့ ဒီလိုပဲ ယခင်နှင့်မတူဘဲနဲ့ ဆောင်ရွက်ခိုင်းတဲ့ကိစ္စ ဖြစ်တယ်။ သီးခြားလာတဲ့ ကားက ဘယ်နှစ်စီးရှိမလဲ။ အားလုံးပေါင်း (၆၅)စီး ရှိတယ်လို့ပြောတယ်။ (၆၅)စီးကလည်း ဒီပုဂ္ဂိုလ် ဒီလူတွေ ဒီကားနဲ့လာမယ်၊ ယာဉ်မောင်းဘယ်သူပါမယ် ပြီးတဲ့အခါမှာလိုက်ပါစီးနင်း ဘယ်သူပါမယ် ဆိုတာကို အားလုံးသိပြီးဖြစ်တဲ့အတွက် ဒီပုဂ္ဂိုလ်များ ဒီကားတွေနဲ့လာတဲ့အခါမှာ မင်းတို့လုပ်ရမယ့် ကိစ္စကတော့ ကားကိုတော့ ခဏရပ်ရမယ်။ ကားတံခါးကိုတော့ ဖွင့်ခိုင်းသင့်တယ်။ ပြီးတဲ့အခါမှာ တကယ်ပါမယ် ဆိုတဲ့လူတွေမပါဘဲနဲ့ မပါသင့်တဲ့သူတွေပါတယ်ဆို တစ်ခါတည်း ကားပေါ်က ဆွဲ၊ ဆင်း၊ လိုတာစစ်ပြီးရင် အချိန်မီတင်ပြ၊ ဒီဟာဆိုလို့ရှိရင်တော့ မင်းတို့လုပ်ငန်းလည်း အဆင်ပြေလိမ့်မယ်။

အဲလိုမှမဟုတ်ဘဲနဲ့ ကားပေါ်ကဆင်း၊ နောက်ပြီးတော့ ခုနက ဂိတ်ကိုဖြတ်။ ဖြတ်ပြီးတဲ့အခါမှာ ခုနက သွားမယ်ဆိုလို့ရှိရင် သိက္ခာအရ အခြေအနေကလည်းမကောင်းပါဘူး။ ဒါလည်း သက်ဆိုင်ရာကို ပြန်ပြီးတော့ ညှိနှိုင်းပေးမယ်လို့ သူတို့ကိုပြောခဲ့ပါတယ်။ အဲဒီမှာပဲ သူတို့ကို ပြောခဲ့တာကတော့ မင်းတို့တာဝန်လည်း ကျေပွန်စွာ ထမ်းဆောင်သလို တစ်ဖက်ကလည်း အခြေအနေအရ အဆင်ပြေအောင်လည်း ဆက်ဆံဖို့လိုမယ်ဆိုပြီးတော့ ဒီလိုပဲမှာခဲ့ပါတယ်။ ဒါလည်းဒီမှာ အစည်းအဝေး မှာ တက်ရောက်လာတဲ့ ဗိုလ်ချုပ်ကြီးကိုကို ရှေ့မှာပဲ ဒီအခြေအနေလေးကိုတော့ ခုနတာဝန်ရှိတဲ့ သူတွေလည်း အားလုံးကို ဒီလိုပဲပြောခဲ့တဲ့ အနေအထားရှိပါတယ်။ ဆိုလိုတာကတော့ လွှတ်တော် အစည်းအဝေးကြီး အောင်မြင်စွာကျင်းပဖို့ လုံလုံခြုံခြုံနဲ့ စည်းကမ်းတကျ၊ စနစ်တကျဖြစ်ဖို့ပါ။ ကျွန်တော့်မှာပဲ တာဝန်ရှိတယ်ဆိုတာနဲ့အညီ အဆင်ပြေအောင်ရော၊ တာဝန်ကျေအောင်ရော အခါမှာ လုံခြုံမှုရှိအောင်ရော အတွက် ဒီလိုတော့ဆောင်ရွက်ထားပါတယ်။ ဒီကြားထဲမှာ အခြား လိုအပ်ချက်များ ရှိလို့ရှိရင်လည်း အချိန်မီညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း အသိပေးတင်ပြခြင်း ဖြစ်ပါတယ်။ တစ်ပါတည်းပဲ ဒီမှာ အခမ်းအနားမှူးလုပ်တဲ့သူလည်း ကိုယ့်တာဝန်ကိုယ် သိဖို့လိုပါတယ်။ မနေ့က လွှတ်တော် ဥက္ကဋ္ဌလိုကောင်းလိုလိမ့်မယ်။ မှားကောင်းမှားလိမ့်မယ်။ ဒါပေမယ့် ခုနက ပြောတဲ့ အခြေအနေရှိတယ်။ မတ်တပ်ရပ်ပေးဖို့ အကြောင်းရှိတယ်။ ပြောဖို့ကဘာလဲဆိုတော့ လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါမယ်လို့ ပြောခိုင်းတာ။ ဒါပေမယ့် ပြောလိုက်တဲ့အခါမှာ ဘာတွေလျှောက်ပြောမှန်း မသိဘူး။ အဲဒီမှာ ဟိုကတက်လာတယ်။ ရုတ်ရုတ် ရုတ်ရုတ်နဲ့။ ကျန်တာ အခမ်းအနားမှူး ဘာမှလုပ်စရာမရှိဘူး။ အဲဒီအတွက်လည်း မိမိတို့ဘက်က လိုအပ်တဲ့ အသိပေးမှု လုပ်ဆောင်မှုတွေ မရှိခဲ့တဲ့အတွက် ဒါမိမိတို့ရဲ့ လိုအပ်ချက်ပဲလို့ ဒီလိုခံယူပါတယ်။ အဲဒီအတိုင်းပဲ ဒီမှာ တယ်လီဖုန်းထဲမှာလာပြီးတော့ ကွိကွကွိကွနဲ့ စကားတွေပြောနေတာလည်းရှိတယ်။ ဆိုတာကတော့ ကျွန်တော်တို့လည်းအားလုံး Perfect မဖြစ်ပါဘူး။ လူသားတစ်ယောက်အနေနဲ့ ပုထုဇဉ်လူသား တစ်ယောက်အနေနဲ့ အမှားတွေ ရှိပါတယ်။ လိုအပ်ချက်တွေရှိပါတယ်။ ဒီအမှားတွေ၊ လိုအပ်ချက်တွေကို အမြဲဝေဖန်မှုခံဖို့နဲ့ညှိနှိုင်းခံဖို့နဲ့ ကျွန်တော်တို့ဘက်က အမြဲရှိတယ်ဆိုတဲ့အကြောင်း ထပ်မံတင်ပြပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း ၂၀။**

**ဥက္ကဋ္ဌ။** ။ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဇော်ဝင်းနိုင်(တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်ကြည်း-၂၆၂၅၇ ဗိုလ်မှူးဇော်ဝင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေးစားစွာ တင်ပြလိုသည်မှာ ရန်ကုန်မြို့ရှိ ကျွန်တော့်ရဲ့နေအိမ်မှာ အတူနေထိုင်တဲ့ ယောက္ခမဖြစ်သူ ဒေါ်သန်းသန်းနွယ်ဟာ ၂၁.၈.၂၀၁၁ ရက်နေ့(တနင်္ဂနွေ)နေ့မှာ ကွယ်လွန်သွားခဲ့ပါတယ်။ ၂၇.၈.၂၀၁၁(စနေနေ့)မှာ ရက်လည်မှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နာရေးကိစ္စအတွက် စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် မနက်ဖြန် ၂၆.၈.၂၀၁၁ ရက်နေ့(သောကြာ)နေ့မှာ ခွင့်တစ်ရက် သတ်မှတ်ခံစားခွင့်ပြုနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်ကခွင့်ပြုထားသူ ၇ ဦး၊ ယနေ့အတွက် ခွင့်ပန်ကြားသူမရှိသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ခွဲငယ်(၂)အရ အခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကအတည်ပြုတဲ့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

## အမျိုးသားစာပေဆုချီးမြှင့်ငွေနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ အင်းစိန်မဲဆန္ဒနယ်မှ ဦးအေးမြင့်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း ၂၂**။

**ဦးအေးမြင့်(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ကျွန်တော့်အနေနဲ့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားစာပေဆု ချီးမြှင့်ငွေနဲ့ ပတ်သက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့် နိုင်ငံတော်ရဲ့ စတုတ္ထ မဏ္ဍိုင်ဖြစ်သော စာပေနှင့် စာနယ်ဇင်းသမားများအား နိုင်ငံတော်မှ နှစ်စဉ်ဂုဏ်ပြုချီးမြှင့်လေ့ ရှိပါတယ်။ ထိုသို့ ဂုဏ်ပြုချီးမြှင့်ရာတွင် စာပေအမျိုးအစားတစ်ခုအတွက် လူပုဂ္ဂိုလ်တစ်ဦးကိုသာ အမျိုးသားစာပေဆု ချီးမြှင့်သော်လည်း ချီးမြှင့်ငွေပမာဏမှာ ကျပ် ၃ သိန်းသာ ဖြစ်ပါတယ်။ ယနေ့ နိုင်ငံတော်အနေဖြင့် ဝတ္ထုတိုပေါင်းချုပ်စာပေဆု၊ ဝတ္ထုရှည်စာပေဆု၊ သုတပဒေသာသိပ္ပံစာပေဆု၊ သုတပဒေသာဝိဇ္ဇာစာပေဆု၊ ကဗျာစာပေဆု၊ ပြဇာတ် စာပေဆု၊ နိုင်ငံရေးစာပေဆု၊ စာပဒေသာ စာပေဆု၊ ကလေးစာပေဆု၊ လူငယ်စာပေဆု၊ ဘာသာပြန်ရသစာပေဆု၊ ဘာသာပြန်သုတစာပေဆု စသည့်စာပေဆုများကို ချီးမြှင့်ပေးလျက် ရှိပါတယ်။ ယခုလို ချီးမြှင့်ခြင်းကြောင့် နိုင်ငံတော်နဲ့ ပြည်သူ လူထုအကျိုးပြု စာပေကောင်းများ ပေါ်ထွက်လာပြီးတော့ ပြည်သူလူထုများ ပိုမိုလေ့လာ ဆည်းပူးခွင့် ရရှိခဲ့ပါတယ်။ ယနေ့စာပေ ပညာရှင်များ စာပေပညာရှင်ကြီး တစ်ဦးဖြစ်ဖို့ရာ နှစ်ပေါင်းများစွာ စာပေလောကတွင် စာပေများကိုလေ့လာရခြင်း၊ လက်တွေ့ဘဝနှင့်ယှဉ်၍ စာပေများကိုပြုစုရခြင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ရပါတယ်။ ဒီလို ဆောင်ရွက်ခဲ့လို့လည်းပဲ နိုင်ငံတော်နှင့် ပြည်သူ့

အကျိုးပြုစာပေကောင်းများ များစွာပေါ်ထွက်လာခဲ့ပါတယ်။ ဒါကြောင့် စာပေပညာရှင်ကြီးများရဲ့ ကိုယ်ကျိုးစွန့် ကြိုးစားအားထုတ်မှုကို လေးစားသောအားဖြင့်လည်းကောင်း၊ ယခုခေတ်ကုန်ဈေးနှုန်း ဖြင့် စာပေပညာရှင်ကြီးများ သုံးစွဲရတဲ့ စရိတ်စကများကြောင့် လည်းကောင်း ယခုချီးမြှင့်သည့် ငွေကျပ် ၃ သိန်းထက် ပိုမိုချီးမြှင့်သင့်သည်ဟု ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။ ရလည်း ရသင့်ပါတယ်။ ဒါကြောင့် အမျိုးသားစာပေချီးမြှင့်ငွေကို တိုးချဲ့ချီးမြှင့်ရန် ရှိ၊ မရှိ သိရှိလိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**အာဇာနည်နေ့တွင် ဥသြဆွဲသံထုတ်လွှင့်ပေးမှုနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း ၂၅။**

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်မေးခွန်းကတော့ အာဇာနည်နေ့၌ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့်အချိန် ၁၀း၃၇ နာရီတွင် မြန်မာ့အသံမှ ဥသြဆွဲသံ ထုတ်လွှင့်ပေးမှုမရှိသည်ကို ပြည်ထောင်စုအစိုးရက သိပါသလား။ ယနေ့ ပါတီစုံဒီမိုကရေစီ အစိုးရ လက်ထက်တွင် မြန်မာ့အသံမှ ဥသြဆွဲတာကို ပြန်လည်ထုတ်လွှင့်ပေးရန် အစီအစဉ်ရှိပါသလား။ မရှိလျှင် အဘယ်ကြောင့် ပါနည်း။ ကျေးဇူးတင်ပါတယ်။

**တိုင်းရင်းသားများ ပြန်လည်သွေးစည်းညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒေါ်နန်းဝါနု၊ကွန်ဟိန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း ၂၆။**

**ဒေါ်နန်းဝါနု (ကွန်ဟိန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သပါတယ်ရှင်။ ကျွန်မ ကတော့ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ နိုင်ငံတော်အတွင်းဒေသများမှာ မငြိမ်းချမ်းမှု၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုများကြောင့် ပြည်သူများ၏ဘဝ လုံခြုံမှုမရှိဘဲ လွန်စွာစိတ်ဆင်းရဲ ဒုက္ခရောက်လျက် ရှိနေပါတယ်ရှင်။ စစ်ပြေး ဒုက္ခသည်များဘဝသို့ ကျရောက်လျက်ရှိပြီး ပညာသင်ယူခွင့်၊ ကျန်းမာရေးဆေးကုသခွင့်များ ဆုံးရှုံးလျက် နိုင်ငံတော်ရဲ့လူသားအရင်း အမြစ်များနေ့စဉ် ပျက်စီးဆုံးရှုံးလျက်ရှိပါတယ်။ ဒါကြောင့် ပြည်သူများက

တိုင်းရင်းသားများ ပြန်လည်သွေးစည်းညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို မျှော်လင့်စောင့်စားလျက် ရှိကြပါတယ်။ ကျွန်မ မေးလိုတဲ့မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက တိုင်းရင်းသားများ ပြန်လည်သွေးစည်းညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် မည်ကဲ့သို့ အစီအစဉ်ရှိပါသနည်း။ နံပါတ်(၂) ယခင်အစိုးရမှ ချမှတ်ခဲ့သော တိုင်းရင်းသားများ သွေးစည်းညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးမူဝါဒကို ပြည်သူသို့ ထုတ်ပြန်ပေးနိုင်ပါသလား။ နံပါတ်(၃) တိုင်းရင်းသားလက်နက်ကိုင်များနှင့် တွေ့ဆုံညှိနှိုင်းရန်အတွက် တိုင်းရင်းသားများ ယုံကြည်ကိုးစားသည့် တိုင်းရင်းသားပြည်သူများပါဝင်သော စေ့စပ်ညှိနှိုင်းရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ကော်မရှင်အဖွဲ့(Peace Commission)အဖွဲ့ကို တရားဝင်ဖွဲ့စည်းပေးရန် ဆန္ဒရှိပါသလား။ ဆန္ဒရှိပါက မည်ကဲ့သို့ ဖွဲ့စည်းပေးမည်နည်း။ မည်သည့်အချိန်တွင် ဖွဲ့စည်းပေးမည်နည်း။ မဖွဲ့စည်းပေးနိုင်ဟုဆိုပါက အဘယ်ကြောင့်နည်း။

**အစိုးရသစ်နှင့် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများ ညှိနှိုင်းဆွေးနွေးရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒေါ်နန်းဝါနု (ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မနောက်ထပ်မေးတဲ့ မေးခွန်းက သဘောသဘာဝ တစ်ဆက်တည်းဖြစ်တဲ့အတွက်ကြောင့် ကျွန်မကိုဆက်တိုက် တင်သွင်းခွင့်ပြုပါရှင်။ ပါတီစုံအစိုးရမတက်ခင်က တပ်မတော်နဲ့ လက်နက်ကိုင်အဖွဲ့အစည်းများ ဆွေးနွေးကြရာမှာ ယခုတောတွင်းကျန်ခဲ့သော အတိုက်အခံလက်နက်ကိုင်အဖွဲ့အစည်းများသည် ပါတီစုံပါဝင်သော အစိုးရဖြစ်ပေါ်လာပါက ၎င်းအစိုးရမှ လက်ကမ်းကြိုဆိုဆွေးနွေးမည်ဆိုပါလျှင် ညှိနှိုင်းဆွေးနွေးမည်ဟု ကြားသိခဲ့ရပါတယ်။ နိုင်ငံတော်အစိုးရကလည်း ငြိမ်းချမ်းရေးတံခါးဖွင့်ထားသည်ဟု နိုင်ငံတော်ပိုင် သတင်းစာတွင် ဖော်ပြခဲ့ပါတယ်။ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးတံခါးဖွင့်ထားရုံမျှမက ငြိမ်းချမ်းရေးတံခါးပေါက်ဝတွင် တိုင်းရင်းသားသွေးချင်း လက်နက်ကိုင်များအား နွေးထွေးလှိုက်လှဲပျူငှာစွာ လက်ကမ်းကြိုဆိုညှိနှိုင်းဆွေးနွေးသင့်ကြောင်း သဘောရိုးဖြင့် ယုံကြည်ပါတယ်။ ကချင်ပြည်နယ်တွင်သာမက ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်စသောဒေသများမှာလည်း ညှိနှိုင်းဆွေးနွေးစေချင်ပါတယ်ရှင်။ ကျွန်မမေးမြန်းလိုသည့် မေးခွန်းကတော့ ထိုအဖွဲ့အစည်းများနှင့် ယခု လက်ရှိအချိန်ထိဆွေးနွေးမှုမရှိသည်မှာ အဘယ်ကြောင့်နည်း။ (၂)ယခုအချိန်သည် တိုင်းရင်းသားသွေးချင်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးသင့်သည့်အချိန်ကောင်း ရောက်နေပြီဖြစ်သဖြင့် မည်ကဲ့သို့ သောပုံစံဖြင့်ညှိနှိုင်း ဆွေးနွေးကြပါမည်နည်း။ (၃) မဆွေးနွေးနိုင်သေးဟုဆိုလျှင် အဘယ်အကြောင်း

ကြောင့်နည်း။ (၄) မည်သည့်အခက်အခဲများ ရှိပါသနည်း။ (၅) ညှိနှိုင်းဆွေးနွေးရန်နှင့်မူဝါဒများ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိပါသလား။ ကျေးဇူးပါပဲရှင်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝး ၃ဝ**။

**ဦးကျော်ဆန်း(ပြည်ထောင်စုဝန်ကြီးပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်ရဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၆၅ ခုနှစ်ကစပြီး အမျိုးသားစာပေဆုအတွက် ဘာသာရပ် ၁ဝ မျိုးမှာ ဆု ၁ဝ မျိုးသတ်မှတ်ပြီး စတင်ချီးမြှင့်ပေးခဲ့ပါတယ်။ ၁၉၆၉ ခုနှစ်ကစပြီး သုတပဒေသာဘာသာရပ်အတွက် သုတပဒေသာဝိဇ္ဇာ၊ သုတပဒေသာသိပ္ပံဆိုပြီး တိုးမြှင့်ချီးမြှင့်ခဲ့ပါတယ်။ အလားတူပါပဲ ၁၉၇၅ ခုနှစ်မှာ လူငယ်ဆိုင်ရာဘာသာရပ်အတွက် တိုးမြှင့်ချီးမြှင့်ခဲ့ပါတယ်။ ထို့အတူ ၁၉၈ဝခုနှစ်မှာတော့ ဘာသာပြန် စာပေဆုအတွက် ဘာသာပြန်သုတ၊ ဘာသာပြန်ရသဆိုပြီး တိုးမြှင့်ချီးမြှင့်ပေးခဲ့ပါတယ်။ အလားတူပါပဲ ၁၉၆၉ ခုနှစ်မှာတော့ သုတပဒေသာသိပ္ပံဘာသာရပ်အတွက် သုတပဒေသာသိပ္ပံဘာသာရပ်နဲ့ သုတပဒေသာသိပ္ပံ အသုံးချဘာသာရပ်ဆိုပြီး တိုးမြှင့်ချီးမြှင့်ပေးခဲ့ပါတယ်။ ဒါကြောင့် ယနေ့အခါမှာ နိုင်ငံတော်မှာ အမျိုးသားစာပေဘာသာရပ်ကို အခြေခံပြီးတော့ပေးတဲ့ အမျိုးသားစာပေဆု ၁၄ ဆု ချီးမြှင့်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ၂ဝ၁၁ ခုနှစ်မှာ လူပုဂ္ဂိုလ်ကို ဦးတည်ချီးမြှင့်ပေးတဲ့ အမျိုးသားတစ်သက်တာစာပေဆုဆိုတာကိုလည်းပဲ တိုးမြှင့်ချီးမြှင့်ပေးခဲ့ပါတယ်။ အဲဒီစာပေဆုဟာ မြန်မာနိုင်ငံမှာ အမြင့်ဆုံးသော အမျိုးသားစာပေဆုဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားစာပေဆုပေါင်း ၁၅ ဆု ချီးမြှင့်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု ကော်မတီအနေနဲ့ ၂၃-၅-၂ဝ၁၁ ရက်နေ့မှာ အမျိုးသားစာပေဆုချီးမြှင့်ရေး ပထမအကြိမ်အစည်းအဝေးကို ပြုလုပ်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ မြန်မာနိုင်ငံအနေနဲ့ အင်္ဂလိပ်စာပေရေးသား ပြုစုဖတ်ရှုလေ့လာမှုများ တိုးတက်လာစေရန်အတွက် ၂ဝ၁ဝ ခုနှစ်မှာထုတ်ဝေတဲ့ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့စာအုပ်များထဲက အကောင်းဆုံးသော အင်္ဂလိပ်ဘာသာဆုကိုလည်းပဲ ပေးဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ဒါကြောင့် အမျိုးသားစာပေဆု ၁၆ ဆု ချီးမြှင့်ပေးတော့မှာ ဖြစ်ပါတယ်။ အမျိုးသားစာပေဆု ဆုကြေးများနဲ့

ပတ်သက်လို့လည်း အမျိုးသားစာပေဆု အတွက် မူလချီးမြှင့်ငွေ ၃ သိန်းကနေပြီးတော့ ၅ သိန်း၊ အမျိုးသားတစ်သက်တာ စာပေဆုအတွက်မူလချီးမြှင့်ငွေ ၆ သိန်းကနေ ၈ သိန်းအထိတိုးမြှင့် ပေးဖို့ အဲဒီအစည်းအဝေးက ဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ မေးမြန်းတဲ့မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ တပ်မတော်အစိုးရလက်ထက်မှာ အာဇာနည်နေ့မှာ မြန်မာ့အသံက ဥဩသံထုတ်လွှင့်ပေးခြင်းမပြုတော့တာကို ကျွန်တော့်တို့အနေနဲ့ သိရှိပါတယ်။ ယခုအခါ ကျွန်တော်တို့ အစိုးရလက်ထက်မှာလည်းပဲ မြန်မာ့အသံက ဥဩသံထုတ်လွှင့် အလေးပြုတဲ့အစီအစဉ်ကို ပြန်လည်ဆောင်ရွက်ဖို့ အစီအစဉ်မရှိကြောင်း ဖြေကြားလိုပါတယ်။ ဘာကြောင့်ဒီလို အစီအစဉ်မရှိတာလည်းဆိုရင် အဓိကအကြောင်းအချက် နှစ်ခုကြောင့် ဖြစ်ပါတယ်။ ဒီအဓိက အကြောင်းအချက် နှစ်ခုကိုဆက်ပြီး ကျွန်တော်ရှင်းပြပါမယ်။ပါလီမန် ဒီမိုကရေစီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် အာဇာနည်နေ့မှာ မြန်မာ့အသံက ဥဩသံထုတ်လွှင့်ပြီး အလေးပြုတဲ့ အစီအစဉ်ကို ဆောင်ရွက်ခဲ့တဲ့ကာလမှာ အားလုံးသိကြတဲ့အတိုင်း ရန်ကုန်၊ မန္တလေးမြို့ကြီးများ အပါအဝင် မြန်မာနိုင်ငံအနှံ့မှာရှိတဲ့မြို့ဒေသများမှာ မော်တော်ယာဥ်သုံးစွဲမှု၊ မော်တော်ဆိုင်ကယ်သုံးစွဲမှု၊ စက်ဘီးသုံးစွဲမှု စသည်ဖြင့်နည်းပါးခဲ့ပါတယ်။ အထူးသဖြင့် မော်တော်ဆိုင်ကယ်သုံးစွဲမှုမှာ အင်မတန်နည်းပါးခဲ့ပါတယ်။ အဲဒီလိုမော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဥ် သုံးစွဲသွားလာမှု နည်းပါးခဲ့တဲ့အချိန်မှာ မြန်မာ့အသံက ဥဩသံထုတ်လွှင့်ပြီး ဥဩသံကြားတာနဲ့ ရပ်တန့်အလေးပြုရတဲ့ အစီအစဉ်ကို ဆောင်ရွက်ခဲ့သော်လည်း ယာဥ်သွားလာမှုနည်းပါးတဲ့အတွက် တစ်စုံတစ်ရာပြဿနာ၊ အန္တရာယ် မရှိခဲ့ပါဘူး။ ဒါပေမဲ့လည်း ကနေ့အခါမှာတော့ အားလုံးသိကြတဲ့အတိုင်း ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများအပါအဝင် မြန်မာနိုင်ငံအနှံ့ မြို့ကြီး၊ မြို့လတ်၊မြို့ငယ်ဒေသအားလုံးမှာ မော်တော်ယာဥ်သုံးစွဲမှု၊ မော်တော်ဆိုင်ကယ်သုံးစွဲမှု၊ စက်ဘီးသုံးစွဲသွားလာမှုများ အင်မတန်များပြားပါတယ်။ အထူးသဖြင့် မော်တော်ဆိုင်ကယ်သုံးစွဲမှု ပိုမိုများပြားနေတာကို တွေ့မြင်နိုင်ပါတယ်။ အဲဒီလိုယာဥ် သုံးစွဲမှုတွေများပြားတဲ့ ကာလဖြစ်တဲ့အတွက် အာဇာနည်နေ့မှာ မြန်မာ့အသံက ဥဩသံထုတ်လွှင့်ပြီး ကြားတဲ့အချိန်အခါမှာ သွားလာနေတဲ့ ယာဥ်တွေအားလုံးက ရုတ်တရက်ရပ်တန့် အလေးပြုကြရမယ်ဆိုရင် မလိုလားအပ်တဲ့ အန္တရာယ်၊ ပြဿနာများ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒုတိယ အကြောင်းအချက်ကတော့ အဲဒီလိုမြန်မာ့အသံက ဥဩသံထုတ်လွှင့် အလေးပြုခြင်းကို မဆောင်ရွက်သော်လည်း ရန်ကုန်မြို့ရှိ

အာဇာနည်ဗိမာန်မှာ အာဇာနည်နေ့အခမ်းအနားကို တင့်တောင့်တင့်တယ် ပြုလုပ်ပြီး သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အာဇာနည်ခေါင်းဆောင်ကြီး များရဲ့ မိသားစုများ၊ ပြည်သူလူထုအားလုံးပါ တက်ရောက်ပြီး ဂါရဝပြုနိုင်အောင် စီစဉ်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ တက်ရောက်ပြီးတော့ ဂါရဝပြုလျက်လည်းရှိကြပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ အမြင့်ဆုံးဖြစ်တဲ့ အထွတ်အထိပ် နိုင်ငံတော်အလံကိုလည်းပဲ မြန်မာနိုင်ငံအနှံ့ တိုင်ဝက်ကိုလျှော့ချပြီး အလေးပြုတဲ့အစီအစဉ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်ခြင်းကြောင့် ပြည်သူများ အနေနဲ့ အာဇာနည်ပုဂ္ဂိုလ်ကြီးများရဲ့ ဂုဏ်ကျေးဇူးကို အမှတ်တရသတိရပြီး ဂုဏ်ပြုနိုင်ကြပြီဖြစ်ပါ တယ်။ အဲဒီလို ဆောင်ရွက်တဲ့အတွက် လူငယ်၊ လူရွယ်များအပါအဝင် မြန်မာနိုင်ငံ ပြည်သူတစ်ရပ်လုံး အနေနဲ့ အင်္ဂလိပ်နယ်ချဲ့အပါအဝင် နယ်ချဲ့ရဲ့အန္တရာယ်ကိုလည်း အစဉ်သတိပြုနိုင်စေဖို့၊ အလားတူပဲ အာဇာနည်ခေါင်းဆောင်ကြီးများကဲ့သို့ တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက် နိုင်တဲ့ စိတ်ထားများတိုးမြှင့်ပေါ်ပေါက်လာစေနိုင်ဖို့ ဆောင်ရွက်ပေးလျက်၊ ဖော်ဆောင်ပေးလျက်ရှိ ပါတယ်။ အဲဒီအကြောင်းများကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အာဇာနည်နေ့မှာ မြန်မာ့အသံက ဥသြသံထုတ်လွှင့်အလေးပြုတဲ့အစီအစဉ်ကို ပြန်လည်ဆောင်ရွက်ရန် အစီအစဉ်မရှိ ကြောင်းဖြေကြား အပ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီး ဒေါ်နန်းဝါနု မေးမြန်းတဲ့ မေးခွန်းနှစ်ခုနဲ့ပတ်သက်ပြီး ကျွန်တော်ရှင်းပြပါမယ်။ ဒီမေးခွန်း နှစ်ခုနဲ့ပတ်သက်နေတဲ့ ယနေ့အခါမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်မှာလည်း ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေး နိုင်ဖို့ လေ့လာပေးနိုင်ဖို့ ကော်မတီများဖွဲ့စည်း ထားပြီးဖြစ်ပါတယ်။ အလားတူ နိုင်ငံတော်အစိုးရဘက် ကလည်း ကြေညာချက်ထုတ်ပြန်ပြီးတော့ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့် ဒီမေးခွန်းနဲ့ ပတ်သက် လို့ကတော့ ကျွန်တော်တို့ ညှိနှိုင်းဖြေကြားဖို့ ဆောင်ရွက်ဆဲဖြစ်တဲ့အတွက် နောက်ရက်များကျမှ ဆက်လက်ဖြေကြားသွားခွင့်ပြုဖို့ ဖြေရှင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**တောင်းရမ်းစားသောက်သူများ ပပျောက်နေရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း ၄၀။**

**ဒေါ်စုစုလှိုင်(ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်ရှင်။ ကျွန်မ ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင် ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် တောင်းရမ်းစားသောက်သူများ ပပျောက်ရေးနှင့်ပတ်သက်ပြီး မေးမြန်းလိုပါတယ်။ နိုင်ငံတော်အစိုးရမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်နေ ချိန်တွင် ရန်ကုန်မြို့အပါအဝင်မြို့ကြီးများ၌ တောင်းရမ်းစားသောက်သူများမှ အုပ်စုဖွဲ့၍မီးပွိုင့်များ၊ ဈေးများနှင့် လူစည်ကားရာနေရာများတွင် ကျယ်ကျယ်ပြန့်ပြန့် တောင်းရမ်းစားသောက်နေကြပါ တယ်။ ထိုအပြုအမူများသည် လူငယ်၊ လူရွယ်များ စာရိတ္တမဏ္ဍိုင်ပျက်ပြားစေခြင်း၊ မြို့အင်္ဂါရပ်ကို ထိခိုက်စေခြင်းများ ဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရမှ ချမှတ်ဆောင်ရွက်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်တွင် တောင်းရမ်းစားသောက် သူများပပျောက်ရေးအတွက် ခေါင်းစဉ်တစ်ခုအနေဖြင့် ထပ်မံတိုးချဲ့ထည့်သွင်း ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ် ရှိ၊ မရှိ။ ရှိပါက မည်သည့်ကာလမှစတင်ပြီး ဆောင်ရွက်နိုင်မည်၊ မရှိပါက မည်သည့် အတွက်ကြောင့် မဆောင်ရွက် ပေးနိုင်သည်ကို ပြန်လည်ဖြေကြားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ပြည့်တန်ဆာခန်းများ၊ နိုက်ကလပ်များ၊ ကာရာအိုကေများနှင့် အနှိပ်ခန်းများကို ထိရောက်စွာ အရေးယူ ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးဝင်း၊ ကျောက်တံတားမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း ၄၃။**

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ နိုင်ငံမှာ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို မည်သည့်ခေတ်ကာလတွင်မဆို

အလေးထားဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။ ယနေ့အချိန်တွင်လည်း ရပ်ကွက်များအတွင်း လောင်းကစားမှုများကို ဖမ်းဆီးအရေးယူမှုများကြောင့် အထိုက်အလျောက် မှုခင်းများလျော့နည်း ကျဆင်းလာပြီ ဖြစ်ပါတယ်။ သို့သော်လည်း ငွေကြေးတတ်နိုင်သူများက လိုင်စင်ရအအေးခန်း ဗီဒီယိုရုပ်သာအမည်ခံ ပြည့်တန်ဆာခန်းများ၊ နိုက်ကလပ်များ၊ ကေတီဗွီ ကာရာအိုကေအမည်ခံများနှင့် အလှပြင်ခန်းအမည်ခံ အနှိပ်ခန်းများကို တိုင်းဒေသကြီးအချို့နှင့် ပြည်နယ်အချို့တွင် ပုံစံအမျိုးမျိုးနှင့် ရှိနေသေးကြောင်း ကြားသိနေရပါတယ်။ ၎င်းလုပ်ငန်းများတွင် အမျိုးသမီးငယ်လေးများ ဘဝပျက်နေကြကြောင်း ရင်နာဖွယ် တွေ့ရှိရပါတယ်။ ၎င်းလုပ်ငန်းများ လျော့နည်းပပျောက်အောင် ထိရောက်စွာ အရေးယူတားမြစ်ရန် အစီအစဉ် ရှိ၊ မရှိ။ ရှိပါက မည်သည့် ကာလတွင် ဆောင်ရွက်နိုင်မည်။ မရှိပါက မည်သည့်အတွက်ကြောင့် မဆောင်ရွက်နိုင်သည်ကို ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း ၄၅**။

**ဦးသိန်းညွန့်(သဃ်န်းကျွန်း မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်မေးခွန်းကတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် သဃ်န်းကျွန်းမြို့နယ်တစ်ခုတည်းသာ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်၏ သဘောထားရယူခဲ့ခြင်း မရှိသည်ကို ပြည်ထောင်စုအစိုးရအနေဖြင့် သိပါသလား။ သိပါက အဘယ့်ကြောင့် လွှတ်တော်ကိုယ်စားလှယ်၏ သဘောထားကို ရယူခဲ့ခြင်းမရှိပါသနည်း။ ထိုသို့ တာဝန်ပေးအပ်ခံရသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးအများစုမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၈၉ ပါ အများကြည်ညိုလေးစားပြီး အကျင့်၊ သိက္ခာ၊ သမာဓိရှိသူဆိုသည်နှင့် ဆန့်ကျင်နေသည်ကို ပြည်ထောင်စုအစိုးရအနေဖြင့် သိပါသလား။ သိပါက အဘယ်ကြောင့်ယခုကဲ့သို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ခဲ့ပါသနည်း။ ကျေးဇူးတင်ပါတယ်။

**နေအိမ်ဝင်းခြံဝင်းများ ဂရန်ပြုလုပ်ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း ၂၆**။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ၍ လိုရာဆန္ဒပြည့်ဝကြပါစေလို့ ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းလိုသော မေးခွန်း ကတော့ ယခုအခါ ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ နေအိမ်ခြံဝင်းများအတွက် ဂရန်အသစ် လျှောက်ထားခြင်း၊ အမည်ပြောင်းခြင်း၊ သက်တမ်းတိုးခြင်းများ အတွက်ဆိုင်းငံ့ထားသည်ဟု သိရ ပါတယ်။ ထိုသို့ ဆိုင်းငံ့ကြန့်ကြာမှုကြောင့် ပြည်သူလူထုမှာ အခက်အခဲများ ဖြစ်နေရပါတယ်။ ဂရန်မှာ ပြည်သူလူထုအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထား တစ်ရပ်အနေဖြင့်လည်းကောင်း၊ စီးပွားရေး လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားကိုပြကာ ရင်းနှီးမြှုပ်နှံမှုအတွက် ဘဏ်များတွင် ငွေချေးငှားရာ၌ အသုံးဝင်ပါသည်။ ဂရန်ထုတ်ပေးခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား၊ နိုင်ငံသားများအား၏ မူလအခွင့်အရေးနှင့် တာဝန်များပါ အခန်း(၈) ဥပဒေ ပုဒ်မ ၃၇၁ အရ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ရရှိစေရန် ကူညီမည်ဟူသောစကားရပ်ကို အကောင်အထည် ဖော်ပေးခြင်းလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဂရန်အသစ်လျှောက်ထားခြင်း၊ အမည်ပြောင်းခြင်း၊ သက်တမ်းတိုးခြင်းများကို ယခင်ကဲ့သို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးမှ ဆောင်ရွက်ပေးစေပါက ပို၍မြန်ဆန်ကာ အဆင်ပြေချောမွေ့မည်ဖြစ်ပါသည်။ ယခုတင်ပြသကဲ့သို့ စီစဥ်ဆောင်ရွက်ပေးနိုင်၊ မပေးနိုင်သိရှိလိုပါသည်။ ပေးနိုင်မည်ဆိုပါကလည်း ဘယ်တော့လောက် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန် ၊ ၁၀း ၄၉**။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ မေးမြန်းတဲ့မေးခွန်းကို ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလှိုင်ရဲ့ ရန်ကုန်မြို့အပါအဝင် မြို့ကြီးတွေမှာ တောင်းရမ်းစားသောက်သူများ ပပျောက်ရေးအတွက် ဆောင်ရွက်ပေးရန် စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့အပါအဝင် မြို့ကြီးအချို့မှာရှိတဲ့ မီးပွိုင့်တွေ၊ ဈေးတွေ၊ လူစည်ကားရာနေရာတွေမှာ တောင်းရမ်းစားသောက်တဲ့သူတွေ ရှိနေတာနဲ့ပတ်သက်ပြီး ရန်ကုန်မြို့နဲ့ မန္တလေးမြို့တွေမှာ တောင်းရမ်းစားသောက်သူများ ပပျောက်ရေးကို သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီကနေပြီးတော့ စီမံချက်တွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲအခြားမြို့ကြီးတွေမှာလည်း သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းတွေက စီမံချက်တွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်မြို့မှာ တောင်းရမ်းစားသောက်နေကြတဲ့ အခြေအနေမဲ့ လေလွင့်ကလေးသူငယ်များပပျောက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေတဲ့ အခြေအနေမဲ့များနဲ့ မိဘမဲ့ လေလွင့်ကလေးသူငယ်များပပျောက်ရေးအဖွဲ့ကို ၂၀၁၁ခုနှစ်၊ ဇွန်လ ၆ရက်နေ့က အသစ်ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအဖွဲ့ဟာ ရန်ကုန်မြို့ရဲ့ လူစည်ကားတဲ့ နေရာတွေမှာ၊ လမ်းဆုံလမ်းခွတွေ၊ မီးပွိုင့်တွေမှာ အဖွဲ့တွေခွဲပြီး လှည့်လည်စိစစ်ခြင်း၊ အခြေအနေမဲ့ ကလေးသူငယ်တွေကို တွေ့ရှိတဲ့အခါ လူမှုဝန်ထမ်းဦးစီးဌာနနဲ့ ဆက်သွယ်ညှိနှိုင်းကာ အသက်အပိုင်းအခြားအလိုက် သက်ဆိုင်တဲ့သင်တန်းကျောင်းတွေကို ပို့ဆောင်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ဒီသင်တန်းကျောင်းတွေကတော့ မွေးစကနေ သုံးနှစ်အထိ ကျားနဲ့မအတွက် ရွှေဂုံတိုင်ကလေးပြုစုရေး၊ သုံးနှစ်ကနေ ငါးနှစ်အထိ ကျားနဲ့မ ထောက်ကြံ့ကလေးပြုစုရေးဌာန၊ ငါးနှစ်ကနေ ၁၀ နှစ်အထိ ယောကျ်ားလေးကို ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၊ ၁၀ နှစ်ကနေ ၁၂ နှစ်အထိ ယောကျ်ားလေးကို ကမ္ဘာအေးလူငယ်သင်တန်း၊ ၁၂ နှစ်ကနေ ၁၆ နှစ်အထိ ယောကျ်ားလေးတွေကို ကမ္ဘာအေးလူငယ်သင်တန်း၊ ငါးနှစ်ကနေ ၁၂ နှစ်အထိ အမျိုးသမီးတွေကိုတော့ အမျိုးသမီးသက်ငယ်သင်တန်းကျောင်း၊ ၁၂ နှစ်ကနေ ၁၆ နှစ်အထိအမျိုးသမီးတွေကို သက်မွေးသင်တန်းကျောင်း၊ ၁၆ နှစ်အထက် ကျားနဲ့မကိုတော့ ဝါးနက်ချောင်း လူမှုစောင့်ရှောက်ရေးဌာနတွေမှာ ပို့ဆောင်ပါတယ်။ ကိုယ်လက်အင်္ဂါ သန်စွမ်းမှုရှိပေမယ့် တောင်းရမ်းစားသောက်နေတာတွေကို တွေ့ရှိရတဲ့အခါမှာတော့ ဖမ်းဆီးအရေးယူပါတယ်။ တရားရုံးကနေပြီးတော့ ရဲအက်ဥပဒေပုဒ်မ ၄၀ (ရန်ကုန်ရဲအက်ဥပဒေ ပုဒ်မ ၄၁-ခ)အရ အခြားကိုပြောင်းရွှေ့နေထိုင်ဖို့ အမိန့်ချမှတ်ပါတယ်။ အဲဒီအမိန့်ကိုမနာခံဘဲ ပြန်လည်ဝင်ရောက်လာရင်တော့ ရဲအက်ဥပဒေ ပုဒ်မ ၄၁ (ရန်ကုန်ရဲအက်ဥပဒေ ပုဒ်မ ၄၁- ဂ) အရ တရားစွဲဆို

အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ အခြားမြို့ကြီးတွေမှာလည်း ကိုယ်လက်အင်္ဂါ မသန်စွမ်းတဲ့သူတွေကို လူမှုဝန်ထမ်းဦးစီးဌာနနဲ့ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တွေပူးပေါင်းပြီး စောင့်ရှောက်ကျွေးမွေးတာတွေလုပ်ခဲ့သလို တောင်းရမ်းစားသောက်သူတွေကိုလည်း ဒီဥပဒေအရ အရေးယူဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၁၀ ခုနှစ်ကနေပြီးတော့ ၂၀၁၁ ခုနှစ် ဇွန်လကုန်အထိ အမျိုးသား ၆၄ ဦး၊ အမျိုးသမီး ၁၀၇ ဦး၊ စုစုပေါင်း ၁၇၁ ဦးကိုတရားစွဲအရေးယူခဲ့ပါတယ်။ အမျိုးသား ၁၄၇၃ ဦး၊ အမျိုးသမီး ၅၉၁ ဦး၊ စုစုပေါင်း ၂၀၆၄ ဦးကိုတော့ လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်သင်တန်းကျောင်းတွေ၊ ဆေးရုံတွေနဲ့နေရပ်တွေကို ပြန်လည်ပို့ဆောင်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ တောင်းရမ်းစားသောက်တဲ့ အမျိုးသား ၉၀ ဦး၊ အမျိုးသမီး ၁၁၀ ဦး၊ စုစုပေါင်း ၂၀၀ ဦးကိုတော့ နေ့စားဝန်ထမ်းအဖြစ် ခန့်အပ်ပေးနိုင်ခဲ့ပါတယ်။ အခြေအနေမဲ့တွေ၊ တောင်းရမ်းစားသောက်သူတွေ ပပျောက်စေဖို့အတွက် ထိန်းသိမ်းရေးစခန်းတွေ၊ သင်တန်းကျောင်းတွေ ဖွင့်လှစ်ပြီး ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးတာ အလုပ်အကိုင်ရှာဖွေပေးတာတွေ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ သင်ကြားပေးတာတွေစတဲ့လုပ်ငန်းတွေကို လူမှုဝန်ထမ်းဦးစီးဌာန သက်ဆိုင်ရာဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းတွေနဲ့အတူ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့အစည်း UNICEF အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ လိုင်စင်ရအအေးခန်း ဧည့်ရိပ်သာအမည်ခံ ပြည့်တန်ဆာခန်းများ၊ နိုက်ကလပ်များ၊ ကေတီဗွီများ၊ ကာရာအိုကေဆိုင်များ၊ အလှပြင်ခန်းများအမည်ခံတဲ့ အနှိပ်ခန်းတွေကို ထိရောက်စွာ အရေးယူတားမြစ်ရေးနှင့် စပ်လျဉ်းပြီးတော့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အအေးခန်းဧည့်ရိပ်သာတွေ အပါအဝင် တည်းခိုခန်းတွေ ဖွင့်လှစ်ခြင်းအတွက် မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်ဆင့် ဒေသဆိုင်ရာအာဏာပိုင်တွေရဲ့ ထောက်ခံချက်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဌာနတို့ကနေပြီးတော့မှ လုပ်ငန်းလိုင်စင်တွေကို ထုတ်ပေးတာဖြစ်ပါတယ်။ အအေးခန်းဧည့်ရိပ်သာတွေ၊ တည်းခိုခန်းတွေကို ဖွင့်လှစ်ခွင့်လုပ်ငန်းလိုင်စင်လျှောက်ထားရာမှာလည်း ကိုယ်တိုင်လျှောက်လွှာ၊ ရပ်ကွက်ထောက်ခံချက်၊ မီးသတ်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မြို့နယ်ကျန်းမာရေးထောက်ခံချက်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီတဲ့ထောက်ခံချက်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထောက်ခံချက်၊ လုံခြုံရေးစီမံချက်တွေနဲ့ လျှောက်ထားရပါတယ်။ ဒါကြောင့်

အအေးခန်းဇည့်ရိပ်သာ အမည်ခံတဲ့ ပြည့်တန်ဆာအခန်းတွေ ရှိနိုင်ပေမယ့် ပြည့်တန်ဆာလုပ်ငန်းကို ခွင့်ပြုထားခြင်းမရှိတဲ့အပြင် ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေနဲ့ပါ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ သာဓကအနေနဲ့ တင်ပြရရင် ၂၀၁၀ ခုနှစ်ကနေ ၂၀၁၁ ခုနှစ် ဇူလိုင်လအထိ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ အအေးခန်း ဇည့်ရိပ်သာနဲ့ တည်းခိုခန်းတွေမှာ ပြည့်တန်ဆာအက်ဥပဒေအရ အရေးယူရတဲ့အမှုပေါင်း ၂၉၆၅ မှုရှိ သလို တရားခံအမျိုးသား ၃၆၄ ဦး၊ အမျိုးသမီး ၃၉၃၁ ဦးကို အရေးယူခဲ့ရပါတယ်။

နိုက်ကလပ်တွေကိုဖွင့်လှစ်ဖို့ တရားဝင်ခွင့်ပြုထားတာ မရှိပါဘူး။ စီးပွားရေးသမားတွေဟာ Music Club၊ Bar၊ KTV၊ စားသောက်ဆိုင်၊ ကဖီးစတဲ့နာမည်တွေခံပြီးတော့ စည်ပင်သာယာရေးလိုင် စင်တွေရယူထားတယ်။ ရယူပြီးတော့ ကပွဲခန်းမတွဲဖက်ဖန်တီးတာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီးအတွင်းမှာ ကာရာအိုကေ၊ ကေတီဗွီဆိုင်တွေကို တိုင်းဗွီဒီယိုကြီးကြပ်ရေးအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ စည်းကမ်း သတ်မှတ်ချက်တွေ ပြဋ္ဌာန်းပြီးတော့ ခွင့်ပြုတာရှိပါတယ်။ အချို့သော တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်တွေမှာတော့ ကာရာအိုကေ၊ ကေတီဗွီလုပ်ငန်းတွေကို လုပ်ငန်းလိုင်စင်တွေ မြို့နယ်အလိုက် စစ်ဆေးရေးအဖွဲ့တွေနဲ့ စိစစ်ထောက်ခံချက်၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးတွေရဲ့ ထောက်ခံ ချက်တွေနဲ့ တိုင်းအုပ်ချုပ်ရေးမှူးရုံးကတစ်ဆင့် အစိုးရအဖွဲ့ကိုတင်ပြပြီးတော့မှ လုံခြုံရေးနဲ့နယ်စပ် ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးက အတွင်းရေးမှူးအဖြစ် ပါဝင်တဲ့အဖွဲ့က စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်တွေနဲ့အညီ ထုတ်ပေးပါတယ်။ ထုတ်ပြန်ထားတဲ့ အမိန့်နဲ့ညွှန်ကြားချက်တွေအပေါ်မှာ လိုက်နာမှုမရှိတဲ့ ကာရာအိုကေ၊ ကေတီဗွီဆိုင်တွေကိုလည်းပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ အရေးယူဆောင်ရွက်ခဲ့တဲ့နေရာမှာ ၂၀၁၀ ခုနှစ်ကနေ ၂၀၁၁ ခုနှစ် ဇူလိုင်လကုန်အထိ နေပြည်တော်နဲ့ တိုင်းဒေကြီး/ပြည်နယ်တွေမှာ ၂၂ မှုဖမ်းဆီးအရေးယူခဲ့ပါတယ်။ တရားခံအမျိုးသား ၃၀ ဦးနှင့် အမျိုးသမီး ၁၉၂ ဦးကိုလည်းအရေးယူခဲ့ရပါတယ်။ အနှိပ်ခန်းများ ဖွင့်လှစ်ရန်အတွက်တရားဝင် ခွင့်ပြုထားခြင်း မရှိပါဘူး။ အနှိပ်ခန်းအများစုဟာ အလှပြင်ခန်း (ဗြူတီစလွန်း ၊ဗြူတီပါလာ) အမည်ခံပြီးတော့ လုပ်ငန်းဆောင်ရွက်နေကြတာကို တွေ့ရှိရပါတယ်။ အနှိပ်ခန်းဖွင့်လှစ်ခြင်းအတွက် သီးခြားဥပဒေပြဋ္ဌာန်းထားတာ မရှိပေမယ့် ဒေသန္တရတားမြစ်မိန့် ထုတ်ပြန်ပြီး အရေးယူလျက် ရှိပါတယ်။ အလှပြင်ဆိုင်တွေကို စည်ပင်သာယာလျှောက်လွှာ၊ ရပ်ကွက် ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ အိမ်ပတ်ဝန်းကျင်ထောက်ခံချက်၊ အနှိပ်ခန်းမပြုလုပ်ကြောင်း ဝန်ခံချက်၊ အလှပြင်မိန်းကလေးတွေရဲ့ ကိုယ်ရေးအချက်အလက်တွေနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးက

ထုတ်ပေးခြင်းဖြစ်ပါတယ်။ ထုတ်ပြန်ထားတဲ့အမိန့်နဲ့ ညွှန်ကြားချက်တွေအပေါ် လိုက်နာမှုမရှိတဲ့ အလှပြင်ခန်းတွေကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ အရေးယူခဲ့တဲ့နေရာမှာ ၂၀၁၀ ခုနှစ်ကနေ ပြီးတော့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လကုန်အထိ နေပြည်တော်နဲ့ တိုင်းဒေသကြီး/ ပြည်နယ်တွေမှာ ဖမ်းဆီး ရတဲ့အမှုပေါင်းဟာ ၂၀၄ မှု၊ တရားခံအမျိုးသား ၂၄၂ ဦး၊ အမျိုးသမီး ၁၅၉၇ ဦးကို အရေးယူခဲ့ရ ပါတယ်။ ပြောင်းလဲလာတဲ့ မြို့ပြလူနေမှုပုံစံတွေအရ လူမှုရေးလိုအပ်ချက်နဲ့ စိတ်အပန်းဖြေဖို့အတွက် အအေးခန်းဧည့်ရိပ်သာတွေ၊ တည်းခိုခန်းတွေ၊ ကေတီဗွီ၊ ကာရာအိုကေဆိုင်တွေနဲ့ အလှပြင်ခန်းတွေကို မြန်မာ့ယဉ်ကျေးမှုနဲ့ ဆန့်ကျင်မှုမရှိစေဘဲ ဥပဒေစည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ပြီးတော့မှ သက်ဆိုင်ရာက ခွင့်ပြုတာပဲဖြစ်ပါတယ်။ ဒီလို ဖွင့်လှစ်ခွင့်ပြုရာက နေပြီးတော့မှ အချို့သော စီးပွားရေး လုပ်ငန်းရှင်တွေက မိမိတို့ရဲ့အကျိုးစီးပွားတစ်ခုတည်းကိုသာကြည့်ပြီးတော့ စည်းမျဉ်းစည်းကမ်းတွေ ချိုးဖောက်ပြီး စီးပွားရှာနေကြတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ စည်းမျဉ်းစည်းကမ်း ဖောက်ဖျက်တာ စိစစ်တွေ့ရှိရတဲ့ အအေးခန်း၊ တည်းခိုခန်းတွေ၊ ကေတီဗွီတွေ၊ ကာရာအိုကေဆိုင် တွေနဲ့ အလှပြင်ခန်းတွေကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသလို နောင်မှာ လည်းဆက်လက်အရေးယူသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်တဲ့ကိစ္စနှင့် စပ်လျဉ်းပြီး ပြောကြားပါမယ်။ ကျွန်တော်တို့လက်ရှိ ၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၃၊ မြို့များ အက်ဥပဒေမှာပါတဲ့ပုဒ်မ ၅၊ အပိုဒ်ခွဲ ၂ အရ ခရိုင်ဝန်သည် သူတစ်ဦးတစ်ယောက်ကို ရပ်ကွက် တစ်ခု၏ ရပ်ကွက်အကြီးအကဲအဖြစ် ခန့်အပ်ရမည့်အပြင် အကွက်တစ်ခု၏ အကွက်အုပ်များကိုလည်း ခန့်အပ်နိုင်သည်။ ခန့်အပ်ရမည့်ဦးရေထက် အရွေးခံရသူဦးရေက ပိုမိုနေလျှင် ခရိုင်ဝန်သည် ရွေးကောက်ပွဲနည်းလမ်းအဖြစ် သေချာအောင်ပြုလုပ်ပြီး ရပ်ကွက် သို့မဟုတ် အကွက်တွင် နေထိုင် သူတို့၏ ရွေးချယ်မှုဖြင့် ခန့်ထားရမည်ဟု ဖွင့်ဆိုထားပါတယ်။ ဒီဥပဒေဟာ လက်ရှိ တည်ဆဲဖြစ်ပါ တယ်။ ဒါကြောင့် လက်ရှိမှာတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေကို ခန့်အပ် ခြင်းဟာ အများကြည်ညိုလေးစားတဲ့ အကျင့်သိက္ခာ၊ သမာဓိရှိတဲ့သူတွေကို ရွေးချယ်ပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရရဲ့ သဘောထားရယူလျက် ခရိုင်အုပ်ချုပ် ရေးမှူးတွေရဲ့ စီမံခန့်ခွဲမှုအရ ခန့်အပ်လျက်ရှိပါတယ်။ ရပ်ကွက်နဲ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တွေကို ခန့်အပ်တဲ့နေရာမှာ ၁၉၈၈ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့အမိန့်နဲ့

ညွှန်ကြားချက်များပေါင်းချုပ်၊ ၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ထုတ်ပြန်တဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်နဲ့ လုပ်ငန်းဆောင်ရွက်မှုစနစ်၊ စာအုပ်တွေကိုကိုးကားပြီးတော့ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေကို ရွေးချယ်တာဝန်ပေးအပ်ခဲ့ပါတယ်။ ရပ်ကွက်နဲ့ကျေးရွာအုပ်ချုပ်ရေးမှူးတွေမှာ တာဝန်ယူရမယ့် တာဝန်ယူမဲ့ပုဂ္ဂိုလ်တွေကို ယခု ရည်ညွှန်းထားတဲ့ အမိန့်နဲ့ညွှန်ကြားချက်တွေ ကိုးကားပြီးတော့ သတ်မှတ်ထားတဲ့ အရည်အချင်းတွေနဲ့ ကိုက်ညီအောင်ရွေးချယ်ပြီးတော့ ခန့်ထားခြင်းဖြစ်ပါတယ်။ ဒီအရည်အချင်းတွေကတော့ -

(၁) ရပ်ကွက်ကျေးရွာအုပ်စုမှ ကြည်ညိုလေးစားသူ၊

(၂) မည်သည့်နိုင်ငံရေးအဖွဲ့အစည်းမှ ပါဝင်ခဲ့သူမဖြစ်စေရေး၊

(၃) အစိုးရအဖွဲ့အဆက်ဆက်မှာ နေရာယူတဲ့ ပွဲလန့်ဖျာခင်းသူများမဖြစ်စေရေး၊

(၄) မိသားစု၊ ဆွေမျိုးစုအင်အားဖြင့် ခေတ်အဆက်ဆက် ဆိုးမိုက်နေသူများမဖြစ်စေရန်၊

(၅) မြို့နယ်အဖွဲ့အစည်းသို့ချဉ်းကပ်ပြီးတော့အခွင့်အရေးကိုလက်ဦးမှုရယူတတ်သူများ မဖြစ်စေရန်၊

(၆) ပြီးခဲ့တဲ့အရေးအခင်းတွေမှာ ပါဝင်လှုပ်ရှားသူများ နည်းမျိုးစုံဖြင့် အားပေးအားမြှောက်ပြုသူများမဖြစ်စေရန်၊

(၇) နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများနှင့် တပ်မတော်အပေါ်မှာ အမြင် မကြည်လင်သူများ ဆန့်ကျင်သူများမဖြစ်စေရန်၊

(၈) အမှုအခင်းမရှိတဲ့ နယ်ဘက်၊ စစ်ဘက်နဲ့၊ အငြိမ်းစားများ၊ ရပ်မိရပ်ဖများထဲမှ ကြည်ညိုလေးစားမှုရှိသူ၊ အကျင့်စာရိတ္တကောင်းမွန်သူတွေကို စိစစ်ရွေးချယ်ရန်၊

(၉) ရပ်ကွက်ကျေးရွာအုပ်စု စာရေးမှအပ တာဝန်ထမ်းဆောင်ဆဲ အခြားဝန်ထမ်းများကို အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်း မပြုရန်၊

(၁၀) ပြစ်မှုကျူးလွန်သူများ၊ ပြစ်ဒဏ်ကျခံရသူများ၊ ဆိုးသွမ်းလူငယ်များနှင့် ရပ်ရွာလူထုရဲ့ ကြည်ညိုလေးစားမှုမရှိသူများမဖြစ်စေရန်ဆိုပြီးတော့ ဖြစ်ပါတယ်။

သို့သော်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၉ မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရဲ့ အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာ၊ သမာဓိရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဥပဒေနဲ့အညီခန့်အပ်တာဝန်ပေးဆောင်ရွက်စေမည်ဟု ပြဋ္ဌာန်းထားပါတယ်။

ဒီ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကိုက်ညီမယ့် ဥပဒေကြမ်းကို ရေးဆွဲပြီးဖြစ်ပါတယ်။ ဒီရေးဆွဲပြီးဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဥပဒေ၊ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် သို့တင်ပြအတည်ပြုချက်ရယူ၍ ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

စတုတ္ထမေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးရဲ့ နေအိမ်ခြံဝန်း ဂရန်ပြုလုပ်ရန် လုပ်ငန်းများ ဆိုင်းငံ့ထားတဲ့ကိစ္စ မေးခွန်းပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၊ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး မြေပေါ် မြေအောက်၊ ရေပေါ်ရေအောက်၊ လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ် သည်ဟုပြဋ္ဌာန်းထားပါသည်။ ဒီပြဋ္ဌာန်းချက်တွေနဲ့အညီ နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်မြေသယံဇာတတွေဖြစ်တဲ့ မြို့နယ်ကျေးရွာမြေတွေ၊ မြေယာတွေ၊ မြေလွတ်မြေရိုင်းတွေ စီမံ ခန့်ခွဲဖို့အတွက် ဝန်ကြီးဌာနအလိုက် တာဝန်နဲ့လုပ်ပိုင်ခွင့်တွေကို အပ်နှင်းထားပြီးတော့ ခေတ်ကာလ နှင့်အညီ လုပ်ထုံးလုပ်နည်းတွေကို ပြင်ဆင်နိုင်ဖို့ ဥပဒေကြမ်းတွေ ရေးဆွဲလျက်ရှိပါတယ်။ လက်ရှိ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ၁၈၇၆ ခုနှစ် မြေနဲ့အခွန်နည်းဥပဒေ၊ ၁၈၈၉ ခုနှစ် အထက်မြန်မာနိုင်ငံ မြေနဲ့အခွန် စည်းမျဉ်းစည်းကမ်းဥပဒေနဲ့ နည်းဥပဒေများ၊ ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နယ် ကျေးရွာမြေများဥပဒေ၊ ၁၉၀၇ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နယ်ကျေးရွာများ နည်းဥပဒေပါ ပြဋ္ဌာန်း ချက်များနဲ့အညီ မြေတစ်ဧကအထိ အကျယ်အဝန်းကို ခရိုင်အုပ်ချုပ်ရေးမှူးက ထောက်ခံတင်ပြ၍ လည်းကောင်း၊ မြေတစ်ဧကမှငါးဧကအထိအကျယ်အဝန်းကို တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အုပ် ချုပ်ရေးမှူးမှ ထောက်ခံတင်ပြပြီးတော့ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစည်း အဝေးဆုံးဖြတ်ချက်ဖြင့်လည်းကောင်း၊ မြေငါးဧကအထက်အကျယ်အဝန်းကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ ထောက်ခံတင်ပြပြီး ပြည်ထဲရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးမှလည်းကောင်း၊ မြေငှားဂရန်များ ချထားဆောင်ရွက်လျက်ရှိပါတယ်။ သို့ရာတွင် တစ်စုံ တစ်ရာအငြင်းပွားဖွယ်ရာရှိပါက မြေအကျယ်အဝန်း မည်မျှပင်ရှိစေကာမူ သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးထံသို့ အဆင့်ဆင့်တင်ပြ သဘောထားရယူပြီး စိစစ်ပြီးမှသာ မြေဂရန်များချထားဆောင်ရွက်ပေး

လျက်ရှိပါကြောင်း ပြောကြားရင်း ကျွန်တော့်ဖြေကြားချက်များကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဥ်ပြီးပါပြီ။ ယခုအစည်းအဝေးကို နာရီဝက်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို ၁၁း၃၅ မိနစ်တွင် ပြန်လည်စတင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး ထွက်ခွာနိုင်ကြပါပြီ။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်]

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်၏ "၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်မှု အက်ဥပဒေ (The Contempt of Courts Act., Act XII, 1926) ရုပ်သိမ်းပေးပါရန် " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး တတိယနေ့မှာ သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းထားတဲ့ **၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေ (The Contempt Of Courts Act; Act xII 1926) အား ရုပ်သိမ်းပေးပါရန်** အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၃ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၅**။

**ဦးသိန်းရီ (ထန်းတပင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါဟု နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်

ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းရီ ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် ဦးသိန်းညွန့် သယ်န်းကျွန်းမဲဆန္ဒနယ်၏ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ရုပ်သိမ်းပေးပါရန်အဆိုအား ရုပ်သိမ်းရန် မသင့်ကြောင်း အဆိုကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၂၆ ခုနှစ် တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေသည် အများပြည်သူ အကျိုးပျက်စီးမှုကို ကာကွယ်ရန် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးများကို အာဏာအပ်နှင်းထားသော ဥပဒေဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းပါ ဆန့်ကျင်ခြင်းမရှိကြောင်းကို တွေ့ရပါတယ်။ ဤဥပဒေ၏ အနှစ်သာရမှာ မှုခင်းဖြစ်ပွားစဉ်အတွင်း အမှုနှင့်စပ်လျဉ်း၍ တရားရေးမဏ္ဍိုင် မတိမ်းစောင်းစေရန် တရားသူကြီး၏ စဉ်းစားမှုများကို တိမ်းစောင်းစေသည့် ဝေဖန်မှုများ၊ ပုံနှိပ်မှုများ၊ ဆောင်းပါးများရေးသားမှုပြုပါက အရေးယူပြစ်ဒဏ် ပေးရန် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ဤဥပဒေသည် အများပြည်သူအကျိုးကို ကာကွယ်သောဥပဒေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲလွဲဆန့်ကျင်ပါက ဥပဒေအဖြစ်ရပ်တည်ခွင့် မရှိပါ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၁၉ တွင် တရားစီရင်ရေးမူများကို ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။ ပုဒ်မ ၁၉(က)တွင် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးဟူသော မူတစ်ရပ်ကို ချမှတ်ပြဋ္ဌာန်းထား ပါသည်။ တရားဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ အပြစ်မဲ့သူကို အကာအကွယ်ပေးရန်ဖြစ်ပြီး အပြစ်ရှိသူကို အပြစ်ပေးရန်သာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးသည် တိုင်းပြည်၏အသက် ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးမှု ရှိမှသာလျှင် နိုင်ငံသားများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက် နိုင်မည်ဖြစ်ပါသည်။ တရားရုံးများသည် ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ စစ်ဆေး၊ ကြားနာဆုံးဖြတ်ရန်ဌာန ဖြစ်ပါသည်။ တရားရုံးများအား လူတိုင်းလေးစား ကြရပေမည်။ တရားရုံးအပေါ် ယုံကြည်လေးစားခြင်းအားဖြင့် လွတ်လပ်၍ မှန်ကန်မျှတသော တရားစီရင်ရေးတစ်ရပ်အဖြစ် ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ တရားရုံးအပေါ် ယုံကြည်လေးစားမှု မရှိခြင်းသည် တရားမျှတမှုကို ငြင်းပယ်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ရုံးတော်ကို မထီမဲ့မြင်ပြု ခြင်းသည် မှန်ကန်မျှတသော တရားစီရင်ရေးလမ်းကြောင်းကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခြင်း မရှိအောင် နှောင့်ယှက်ခြင်း ဖြစ်ပါသည်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၂၆ ခုနှစ်၊

တရားရုံးများအား မထီမဲ့မြင်ပြုမှုအက်ဥပဒေသည် ကိုလိုနီခေတ်ကပြဋ္ဌာန်းခဲ့သော ဥပဒေတစ်ရပ် ဖြစ်သော်လည်း ယနေ့တိုင်လိုအပ်လျက်ရှိသော ဥပဒေတစ်ရပ် ဖြစ်ပါသည်။ ထိုနည်းတူစွာ ထိုခေတ်က ဥပဒေများသည် မိမိနိုင်ငံ၏ တရားစီရင်ရေးယန္တရားများတွင် ဆက်လက် အသုံးပြုလျက် အခြား လိုအပ်သော ပြစ်မှုဆိုင်ရာဥပဒေများ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားမ ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ တရားမနစ်နာမှု ဥပဒေများ၊ သီးခြားသက်သာခွင့်အက်ဥပဒေ၊ ပဋိညာဉ်ဆိုင်ရာ ဥပဒေများစွာတို့ကို ဥပဒေ၊ အက်ဥပဒေလုပ်ထုံးလုပ်နည်းများသည် ယနေ့တိုင် ဆက်လက် အသုံးပြုနေသည့် တည်ဆဲဥပဒေများ ဖြစ်ပါသည်။ တည်ဆဲဥပဒေတစ်ရပ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးမရှိခြင်း၊ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိတော့ခြင်း ဖြစ်မှသာလျှင် တည်ဆဲဥပဒေကိုရုပ်သိမ်း၍ ဥပဒေတစ်ရပ်အဖြစ် အစားထိုးခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း များ ပြုရမည်ဖြစ်ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအသုံးပြုလျက်ရှိသော ၁၉၂၆ ခုနှစ်၊ တရားရုံး များကို မထီမဲ့မြင်ပြုမှုအက်ဥပဒေ၏ ရည်ရွယ်ချက်သည် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး မူအရ ရုံးတော်တွင် စစ်ဆေးနေသောအမှု၌ ဝင်ရောက်စွက်ဖက်ခြင်းအားဖြင့် ရုံးတော်ကို မထီလေးစားရာ ရောက်စေနိုင်သည့် ကျူးလွန်မှုကို ကာကွယ်ရန်အတွက် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ တရားရုံး၏ ဂုဏ်ကျက်သရေကို ထိခိုက်စေနိုင်သော တရားရုံးအပေါ် အထင်အမြင် မှားယွင်းသေးသိမ်စေနိုင်သော တရားဖြောင့်မှန်စွာ စီရင်ရေးကို နှောင့်ယှက်စေနိုင်သောတရားသဖြင့် ထုတ်ဝေသော အမိန့်၊ ဆင့်စာ၊ ဝရမ်းစသည်တို့ကို အတည်ပြုရာ၌ နှောင့်ယှက်စေနိုင်သော အပြုအမူ၊ အပြောအဆို၊ အရေးအသား များသည် ရုံးတော်ကို မထီမဲ့မြင်ပြုခြင်းဖြစ်ကြောင်း စီရင်ထုံးများစွာတွင် လေ့လာတွေ့ရှိရပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အားဖြင့် တင်ပြလိုသည်မှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၈ ပြဋ္ဌာန်းချက်တွေ တရားစီရင်ရေးတွင်ပါဝင်သော ပုဂ္ဂိုလ်များကို စော်ကားနှောင့် ယှက်သူအား အရေးယူဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေသည် မှန်ကန်သော တရားစီရင်ရေးလမ်းကြောင်းကို အနှောင့်အယှက်ဖြစ်စေရန်ဟူသော ပြုမူပြောဆို ရေးသားခြင်းများကို တားမြစ်စေရန်အတွက် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ဖြစ်ပါ သည်။ ယနေ့ လက်တွေ့တရားစီရင်ရေးနယ်ပယ်တွင် ဆက်လက်တည်ရှိနေသင့်သည့် အက်ဥပဒေ တစ်ရပ်ဖြစ်သည်ကို တွေ့ရပါသည်။ သို့ပါသောကြောင့် ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်

ပြုမူအက်ဥပဒေအား ရုပ်သိမ်းရန်အဆိုကို ကန့်ကွက်ပါကြောင်း တင်သွင်းအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်မြသန်း၊ ညောင်တုန်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဦးအောင်မြသန်း(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သယ်န်းကျွန်း မဲဆန္ဒနယ် ဦးသိန်းညွန့်၏ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမူအက်ဥပဒေကို ရုပ်သိမ်းပေး ပါရန်အဆိုကို ကျွန်တော်ရဲ့ ဗဟိုတရားရုံးရှေ့နေ၊ တရားရုံးချုပ်ရှေ့နေ၊ တရားလွှတ်တော်ရှေ့နေ လုပ်သက် ၂၆ နှစ်ကာလအတွင်း တရားရုံးများရဲ့အပေါ် ကျွန်တော်တို့ အကူအညီပေးတဲ့အပေါ်မှာ မူတည်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ရဲ့ဆွေးနွေးတင်ပြ ချက်များဟာ ဥပဒေများ၊ ပုဒ်မများပါရှိတဲ့အတွက် ကျွန်တော်ပြုစုထားတဲ့ ဆွေးနွေးမယ့်စာတမ်းကို ကြည့်ရှုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)မှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ် ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန် အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ပါရှိပါတယ်။ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စု လွှတ်တော်ကလည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အစိုးရအဖွဲ့က လည်းကောင်း၊ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့် ဆင့်ကလည်းကောင်း အသီးသီးဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အချုပ် အခြာအာဏာရဲ့ ခက်မသုံးဖြာအနက် တရားစီရင်ရေးနဲ့ပတ်သက်လို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ မှာ တရားစီရင်ရေးမူ ၃ ချက်ကို ဖော်ပြထားတာတွေ့ရပါတယ် -

(က) ဥပဒေနဲ့အညီ လွတ်လပ်စွာ တရားစီရင်ရေး၊

(ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊

(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရှိရေးတို့ပင်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)မှာ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးများ ကျွန်တော်တို့ ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ စောစောက ကျွန်တော် တင်ပြခဲ့တဲ့ တရားစီရင်ရေးမူမှာ အချက်သုံးချက်တင်ပြခဲ့ပြီး တရားစီရင်ရေးဥပဒေပုဒ်မ ၃ မှာတော့ တရားစီရင်ရာမှာ အောက်ပါတို့ကို အခြေခံ၍ စီရင်ရမယ်လို့ ဆိုပါတယ် -

(က) ဥပဒေနဲ့အညီ လွတ်လပ်စွာ တရားစီရင်ရေး၊

(ခ) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊

(ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊

(ဃ) ပြည်သူတို့ရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးနှင့် တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရေး၊

(င) ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကိုလိုက်နာသော အလေ့အကျင့်ပျိုးထောင်ရေး၊

(စ) ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီး ပြီးပြတ်စေရေး၊

(ဆ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာမှာ အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေးတို့ ဖြစ်ပါတယ်။

ဒါ့ကြောင့် တရားစီရင်ရေး အခြေခံမူများနှင့် တရားစီရင်ရေးဥပဒေများဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံမူများပင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ရုပ်သိမ်းပေးပါရန် အဆိုပြုထားတဲ့ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေ ပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ၁၉၆၂ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြဋ္ဌာန်းရခြင်းမှာ တရားရုံးအဆင့်ဆင့်ရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို အနှောင့်အယှက်ပြုလုပ်ခြင်း၊ တရားရုံးအဆင့်ဆင့်ရဲ့ တရားစီရင်ရေးလမ်းကြောင်းကို အနှောင့်အယှက်ပြုလုပ်ခြင်းတို့မှ ကာကွယ်တားဆီးနိုင်ရန်အတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးများကို မထီမဲ့မြင်ပြုလုပ်ရာရောက်စေတဲ့ အပြုအမူများကို အကျဉ်းမျှ တင်ပြသွားမှာဖြစ်ပါတယ် -

(က) တရားရုံးရဲ့ ဂုဏ်သရေကို ထိခိုက်စေနိုင်သော ရေးသားချက်၊ ပြောဆိုချက်၊ ထုတ်ဝေချက်၊

(ခ) တရားရုံးများအပေါ် အထင်အမြင် မှားယွင်းသေးသိမ်စေနိုင်သော ရေးသားချက်၊ ပြောဆိုချက်၊ ထုတ်ဝေချက်၊

(ဂ) တရားသူကြီးကို အထင်အမြင်သေးသိမ်စေနိုင်သော သို့မဟုတ် တရားသူကြီး၏ ဂုဏ်သိက္ခာကို နိမ့်ကျစေနိုင်သော ရေးသားချက်၊ ပြောဆိုချက်၊ ထုတ်ဝေချက်၊

(ဃ) တရားဖြောင့်မှန်ရေးကို အနှောင့်အယှက်ပြုစေနိုင်သော သို့မဟုတ် တရားစီရင်ရေး လမ်းကြောင်း တိမ်းစောင်းစေနိုင်သော ရေးသားချက်၊ ပြောဆိုချက်၊ ထုတ်ဝေချက်၊

(င) တရားရုံးတွင် စစ်ဆေးနေသောအမှု၌ ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ဝင်ရောက် စွက်ဖက်သည့်သဘော၊ သက်ရောက်စေတဲ့ ရေးသားချက်၊ ပြောဆိုချက်၊ ထုတ်ဝေချက်၊

(စ) တရားရုံးက တစ်စုံတစ်ရာ အဆုံးအဖြတ်မပေးမီ ကြိုတင်ဆုံးဖြတ်သည့် သဘောသက် ရောက်စေသောရေးသားချက်၊ ပြောဆိုချက်၊ ထုတ်ဝေချက်၊

(ဆ) တရားရုံး၏ဆုံးဖြတ်ချက်ကို ထိခိုက်ဖွယ်ရာရှိတဲ့ ရေးသားချက်၊ ပြောဆိုချက်၊ ထုတ်ဝေချက်၊

(ဇ) တရားခံအပြစ်ရှိကြောင်း သို့မဟုတ် အပြစ်မရှိကြောင်း ကြိုတင်ထောက်ပြသည့် သဘောသက်ရောက်စေသည့် ရေးသားချက်၊ ပြောဆိုချက်၊ ထုတ်ဝေချက်၊

(ဈ) တရားရုံးက ဆုံးဖြတ်ရန်ရှိတဲ့ အချက်များအပေါ် ကြိုတင်ဝေဖန်သည့်သဘော သက်ရောက်စေတဲ့ ရေးသားချက်၊ ပြောဆိုချက်၊ ထုတ်ဝေချက်၊

(ည) တရားရုံးက ဆုံးဖြတ်ရန်ရှိသော အချက်များအပေါ် စကားဦးသန်းသည့် သဘော သက်ရောက်စေတဲ့ ရေးသားချက်၊ ပြောဆိုချက်၊ ထုတ်ဝေချက်၊

(ဋ) တရားရုံး၏ စစ်ဆေးကြားနာဆဲအမှုများတွင် အဆုံးအဖြတ်ပေးရန်ရှိတဲ့ အချက်များကို ရေးသားခြင်း၊ ပြောဆိုခြင်း၊ ထုတ်ဝေခြင်း၊

(ဌ) တရားရုံးရဲ့အမိန့်ကို မနာခံခြင်းနှင့်

(၃) တရားရုံးက ထုတ်ဆင့်သောအမိန့်၊ ဆင့်စာ၊ ဝရမ်း စသည်တို့ကို အနှောင့်အယှက် ပြုခြင်းတို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဖော်ပြပါ အချက်အလက်တစ်ခုကို ပြုလုပ်သူများသည် တရားရုံးများကို မထီမဲ့မြင် ပြုလုပ်ရာရောက်စေပါတယ်။ ထိုသို့ပြုလုပ်ခြင်းဖြင့် အထက်မှာဖော်ပြထားတဲ့ တရားစီရင်ရေးရဲ့ အခြေခံမူများကို ထိပါးရာလည်း ရောက်စေပါတယ်။ တရားရုံးအဆင့်ဆင့်ဟာ အထက်ဖော်ပြပါ အခြေခံမူများနှင့်အညီ တရားစီရင်ရေးကိစ္စများကို ဆောင်ရွက်ကြရပါတယ်။ အဲဒီလိုဆောင်ရွက်ကြတဲ့ အခါမှာ တရားရုံးကိုသော်လည်းကောင်း၊ တရားသူကြီးများကို သော်လည်းကောင်း၊ မထီမဲ့မြင်ပြုရာ ရောက်စေမယ့် အပြုအမူများကို တားဆီးကာကွယ်ရန်လိုအပ်ပါတယ်။ ဒါကြောင့် ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေကို တည်ဆဲဥပဒေတစ်ရပ်အဖြစ် ဆက်လက်ထားရှိရန် လိုအပ်မှာဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြဥပဒေပါ ပြစ်မှုကျူးလွန်ခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းအပေါ်ကို တင်ပြလိုပါတယ်။ တရားရုံးများ မထီမဲ့မြင်ပြုမှု ကျူးလွန်သောသူကို အလုပ်မဲ့ထောင်ဒဏ် ခြောက်လ ထိ သို့မဟုတ် ကျပ် ၂၀၀၀ ထိ ငွေဒဏ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး စီရင်ခြင်းခံရမည်ဟု ပြဋ္ဌာန်းထား ပါတယ်။ ဒါပေမယ့် ပြစ်မှုကျူးလွန်သူက ဝန်ချတောင်းပန်လျှင် ထိုသို့ဝန်ချတောင်းပန်ခြင်းကြောင့် တရားရုံးက ကျေနပ်လျှင် ပြန်လွှတ်ထားနိုင်သည်။ သို့မဟုတ် ပြစ်ဒဏ်ကို လွတ်ငြိမ်းချမ်းသာခွင့် ပြုနိုင်သည်ဟု ယင်းဥပဒေ ပုဒ်မ ၃ မှာ ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာက ပြစ်မှုဆိုင်ရာ ဥပဒေ၊ အထူးဥပဒေများဖြစ်တဲ့ လောင်းကစားဥပဒေများမှာ ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ချမှတ်တဲ့အခါမှာ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဆိုတဲ့ အလုပ်ကြမ်းဆိုတာ ပါလာတယ်။ သို့သော်လည်းပဲ အခုတင်ပြတဲ့ ဥပဒေမှာက အလုပ်မဲ့ထောင်ဒဏ်ဆိုပြီး ဖော်ပြထားပါတယ်။ ဒီထောင်ဒဏ်ကိုလည်းပဲ မချမနေရ မဟုတ်ဘဲနဲ့ ဆိုလိုတာက အလုပ်မဲ့ထောင်ဒဏ် ခြောက်လဖြစ်စေ၊ ကျပ် ၂၀၀၀ ထိ ဒဏ်ငွေဖြစ်စေ၊ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံးဖြစ်စေ စီရင်နိုင်တယ်လို့ ဆိုထားခြင်း အားဖြင့် ဥပဒေကို မကျွမ်းကျင်လို့ ပြည်သူလူထုများက ပြုလိုက်တဲ့အမှုပေါ်မှာ တရားရုံးက ဥပဒေက၊ ဥပဒေက သက်ညှာတဲ့ပြစ်ဒဏ်ကို ချမှတ်ထားကြောင်း တွေ့ရှိရပါတယ်။ နောက်တစ်ချက်အနေနဲ့ တင်ပြလိုတာက ဝန်ချတောင်းပန်လို့ရှိရင် ကျွန်တော်တို့ တရားရုံးကလည်း ကျေနပ်လျှင် ပြန်လွှတ် ထားနိုင်တယ် သို့မဟုတ် ပြစ်ဒဏ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပြုနိုင်တယ်လို့ ကျွန်တော်တို့ သက်ညှာစွာ ဖော်ပြထားတဲ့ ဥပဒေလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဝန်ချတောင်းပန်တယ်ဆိုတဲ့

ဒီစကားရပ်က ပြန်ကြည့်မယ်ဆိုရင် နိုင်ငံအသီးသီးမှာ ကျွန်တော်တို့ မြန်မာနိုင်ငံသာလျှင် ဝန်ချတောင်းပန်တယ်ဆိုတဲ့ စကားရပ်ဟာ ကျင့်သုံးလာခြင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဩကာသကန်တော့ခန်းများမှာလည်းပဲ ပါရှိပါတယ်။ ကျွန်တော်တို့ ကာယကံ၊ ဝစီကံ၊ မနောကံ ကျူးလွန်လို့ရှိရင် အပြစ်ကို ကျေအေးပေးဖို့ တောင်းပန်တဲ့ ကန်တော့ခန်းမှာလည်းပဲ ဒါဟာ ပြန်ကြည့်ရင် ကျွန်တော်တို့ရဲ့ မြန်မာ့ဓလေ့ထုံးတမ်းစဥ်လာဓလေ့ဟာ ကျွန်တော်တို့ ဒီဥပဒေရဲ့ အပေါ်မှာ ယှက်နွယ်နေတယ်ဆိုတာကို တွေ့ရပါတယ်။ သို့သော်လည်း ဥပဒေက ၁၉၂၆ ခုနှစ်၊ အင်္ဂလိပ်လက်ထက်မှာ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်သော်လည်းပဲ ကျွန်တော်တို့ အင်္ဂလိပ်တွေက မြန်မာနိုင်ငံကို ဒီဥပဒေအရနှိပ်ကွပ်မယ်ဆိုတဲ့ အနေအထားမျိုးမတွေ့ရဘဲ ဒီဥပဒေကို ရေးဆွဲတဲ့သူများက ဝန်ချတောင်းပန်တယ်ဆိုတဲ့ စကားရပ်အရ ကျွန်တော်တို့ မြန်မာနိုင်ငံသား ရဟန်းရှင်လူ ပညာရှင်များက ရေးဆွဲနိုင်တယ်၊ ရေးဆွဲတဲ့ဥပဒေ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးများကို မထီမဲ့မြင်ပြုမှုအတွက် ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ် အတိုင်းအတာကိုကြည့်လျှင် သင့်လျော်မျှတမှုရှိကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်သူက ဝန်ချတောင်းပန်လျှင် ထိုသို့ ဝန်ချတောင်းပန်ခြင်းကြောင့် တရားရုံးက ကျေနပ်လျှင် ပြန်လွှတ်ထားနိုင်ကြောင်း သို့မဟုတ် ပြစ်ဒဏ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်မှာလည်းပဲ လွန်စွာမှ လျော်ကန်သင့်မြတ်တဲ့ ပြဋ္ဌာန်းချက်မျိုး ဖြစ်နေတယ်ဆိုတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဤဥပဒေကို ပယ်ဖျက်ရန်မသင့်ဘဲ တည်ဆဲဥပဒေတစ်ရပ်အဖြစ် ဆက်လက်ထားရှိသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို လေးစားပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၅**။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ တရားလွှတ်တော်ရှေ့နေ တစ်ဦးလည်းဖြစ်ပြီး ရှေ့နေအမှုလိုက်ခဲ့တဲ့ သက်တမ်းကလည်း အနှစ် ၂၀ ခန့်ရှိခဲ့ပြီဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ယနေ့ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်ရဲ့ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေကို ရုပ်သိမ်းပေးပါရန်လို့ တင်သွင်းသွားတဲ့အဆိုအပေါ်မှာ ဥပဒေနှင့်အညီ ပြန်လည်

ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ ဦးစွာ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေရဲ့ ရည်ရွယ်ချက်ကို သိရှိဖို့လိုအပ်ပါတယ်ရှင်။ ကျွန်မတို့ ဥပဒေလောကမှာ အကြောင်းအရာ အချက်အလက် တစ်ခုကို တင်ပြမယ်ဆိုလို့ရှိရင် စီရင်ထုံးများနှင့် ကိုးကားဖော်ပြနိုင်မှသာလျှင် အထောက်အထား ခိုင်လုံမှာဖြစ်တဲ့အတွက် စီရင်ထုံးတစ်ခုကို ကိုးကားတင်ပြလိုပါတယ်ရှင်။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီး ရှင်။ ဥပဒေ အသုံးအနှုန်းများဖြစ်တဲ့အတွက် စီရင်ထုံးကို ဖတ်ကြားတင်ပြခွင့်ပြုရန် ခွင့်တောင်းအပ်ပါ တယ်ရှင်။ 1940 R . L . R (188) the Advocate General Myanmar Vs M g Chit M g and (1) စီရင်ထုံးမှာ အောက်ပါအတိုင်းဖော်ပြထားပါတယ်။

တရားရုံးကို မထီမဲ့မြင်ပြောဆိုရေးသားခြင်းအတွက် ပြစ်ဒဏ်ပေးရခြင်း၏ရည်ရွယ်ချက်မှာ ပုဂ္ဂိုလ်အရ နောက်ထပ်ကျူးလွန်ခြင်းမပြုအောင် ဖြစ်သည်။ တရားရုံးနှင့်တရားသူကြီးကို ကာကွယ်ရန် မဟုတ်ပါ။ အများပြည်သူကို ကာကွယ်ရန်ဖြစ်သည်။ အထူးသဖြင့် တရားစီရင်ခြင်းခံရမည့် အမှုသည် များ၏ အကျိုးဖျက်ဆီးမှုကို ကာကွယ်ရန်ဖြစ်သည်လို့ ဖော်ပြထားပါတယ်။ ဒီအချက်ဟာ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေရဲ့ အနှစ်သာရပဲဖြစ်ပါတယ်။ တရားသူကြီးကို ကာကွယ်ခြင်းမဟုတ်။ အများပြည်သူကို ကာကွယ်ရန်ပြုထားတဲ့ ဥပဒေတစ်ရပ်ဖြစ်တယ်ဆိုတာ ပေါ်လွင်ထင်ရှားနေပါတယ်ရှင်။ ဒီဥပဒေကို ကျူးလွန်ရင် အလုပ်မဲ့ထောင်ဒဏ် ၆ လထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခံရမယ်လို့ ဖော်ပြထားပါတယ်။ အသေးစိတ်ကိုတော့ ဦးအောင်မြသန်းက ဆွေးနွေးသွားပြီးဖြစ်ပါတယ်ရှင်။ ဆက်လက်ပြီး ဦးသိန်းညွန့် တင်ပြဆွေးနွေးသွားတဲ့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၈ မှာ ပြည်သူ့ဝန်ထမ်းတစ်ဦးသည် တရားစီရင်မှု ဆောင်ရွက်နေစဉ် ထိုပြည်သူ့ဝန်ထမ်းကို မည်သူမဆို တမင်စော်ကားလျှင် သို့တည်းမဟုတ် ဝင်ရောက်နှောင့်ယှက်လျှင် ထိုသူကို ၆ လအထိ အလုပ်မဲ့နှင့် ထောင်ဒဏ်ဖြစ်စေ၊ ၁၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်လို့ ဖော်ပြပါရှိပါတယ်။ ဒီနေရာမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ တရားသူကြီးများဟာ ပြည်သူ့ဝန်ထမ်းဆိုတဲ့ စကားရပ်မှာ ပါဝင်ပြီး ဒီပုဒ်မရဲ့ အနှစ်သာရကတော့ တရားစီရင်မှုဆောင်ရွက်နေတဲ့ ပြည်သူ့ဝန်ထမ်းကို တမင်စော်ကားခြင်း၊ သို့တည်းမဟုတ် ဝင်ရောက်နှောင့်ယှက်ခြင်းအပေါ်မှာ အရေးယူရမယ့် ပုဒ်မဖြစ်ပါတယ်။ တရား စီရင်မှုဆောင်ရွက်နေတဲ့ ပြည်သူ့ဝန်ထမ်းဆိုရာမှာ တရားသူကြီးများသာ မကပါဘူး။ တရားစီရင်မှုမှာ ပါဝင်ဆောင်ရွက်နေတဲ့ အခြားလူပုဂ္ဂိုလ်များကိုလည်း ဆိုလိုခြင်းဖြစ်ပါတယ်ရှင်။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဦးသိန်းညွန့်တင်ပြသွားတဲ့ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်

ပြုမှုအက်ဥပဒေနဲ့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၈ တို့ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်နဲ့ ရည်ရွယ်ချက်တို့ဟာ လုံးဝကို မတူကွဲပြားခြားနားလှပါတယ်ရှင်။ မတူညီကွဲပြားတဲ့အချက်ကို စီရင်ထုံးတစ်ခုနဲ့ ကိုးကား တင်ပြလိုပါတယ်ရှင်။ ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၁၇ (၁၈) ပီဘီချောင်ဒရီးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (NK ဒတ္တား) စီရင်ထုံးမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၈ က တရားစီရင်ရေးကို ဆောင်ရွက်နေသူ တရားသူကြီးကို စော်ကားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းဖြစ်ပါတယ်။ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃ သည် သီးခြားပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ဖြစ်၍ လက်အောက်ခံရုံးများနှင့် ပတ်သက်၍ မထီမဲ့မြင်ပြုမှုများရှိခဲ့လျှင် ဗဟိုတရားရုံးက အရေးယူဆောင်ရွက်ခြင်းဖြစ်သည်။ ပုဒ်မ ၃ သည် မှန်ကန်သော တရားစီရင်ရေးလမ်းကြောင်းကို အနှောင့်အယှက်ဖြစ်စေရန် ပြု၊ မပြုဟူသော အချက်သာလျှင် အဓိကဖြစ်တယ်လို့ ဖော်ပြပါရှိပါတယ်။ ဤအက်ဥပဒေအရ တရားရုံးချုပ်တွင်ဖြစ်စေ၊ လက်အောက်ခံ တရားရုံးများတွင်ဖြစ်စေ၊ တရားရုံးကို မထီမဲ့မြင်ပြုလုပ်မှုအတွက် ဤအက်ဥပဒေအရ စစ်ဆေးစီရင်ပိုင်ခွင့်အာဏာဟာ တရားရုံးချုပ် ယခုတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာသာရှိပြီး လက်အောက်ခံတရားရုံးမှာ စီရင်ပိုင်ခွင့် မရှိပါဘူး။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ မနေ့က ဦးသိန်းညွှန့်အနေနဲ့ တရားသူကြီးများနဲ့ ပတ်သက်လို့ ဆွေးနွေးသွားတဲ့အတွက် ကျွန်မအနေနဲ့လည်း အနည်းငယ်ပြန်လည်ဆွေးနွေးလိုပါတယ်။ ဥပဒေရဲ့အထက်မှာ ဘယ်သူမှမရှိရဘူးဆိုတာ မှန်ကန်ပါတယ်ရှင်။ ဒါပေမယ့် ဥပဒေရဲ့အထက်မှာ တရားသူကြီးတွေရှိနေတယ်လို့တော့ အကြောင်းပြချက် ခိုင်လုံခြင်းမရှိဘဲ မပြောသင့်ဘူးလို့ ကျွန်မ အနေနဲ့ ယူဆပါတယ်။ တရားသူကြီးများဟာ တရားစီရင်ရေးမဏ္ဍိုင်ကို ဥပဒေနှင့်အညီ တည့်မတ်အောင် ဆောင်ရွက်ကြရမယ့်သူများ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၂ (က)မှာ နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးဦးကို စွပ်စွဲပြစ်တင်ဖို့ အချက်ငါးချက် လိုအပ်ပါတယ်။ ကျွန်မအနေနဲ့ အချိန်ကို ငဲ့ညှာ၍ မဖတ်ပြတော့ပါဘူး။ ပုဒ်မ ၃၀၂(ခ)မှာတော့ နိုင်ငံတော် သမ္မတက စွပ်စွဲပြစ်တင်ရန်လိုအပ်ရင် အချက်(၁၀)ချက်နှင့် ကိုက်ညီရမှာဖြစ်ပြီး ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က စွပ်စွဲပြစ်တင်ရင်လည်း ပုဒ်မ ၃၀၂(ဂ)ပါ အချက်အလက်များနှင့် ပြည့်စုံစွာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာရှိတဲ့ တရားသူကြီးချုပ်၊

တရားလွှတ်တော်တရားသူကြီးများကို စွပ်စွဲပြစ်တင်လိုပါကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၁ (က)မှ (ည)အထိ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါတွေဟာ တရားစီရင်ရေးကို ဆောင်ရွက်လျက်ရှိတဲ့ တရားသူကြီးများကို အထောက်အထားမဲ့ စွပ်စွဲပြောဆိုခြင်း မပြုရန် ဥပဒေကဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဦးဖြူ မကောင်းလျှင် ဦးဖြူ အားလည်းကောင်း၊ ဦးနီ မကောင်းလျှင် ဦးနီအား လည်းကောင်း အထောက်အထားနှင့်သာ တင်ပြသင့်ပါတယ်။ သက်ဆိုင်ရာ ဥပဒေများလည်း ရှိနေပါတယ်။ တစ်ဦးတစ်ယောက်ကို အကြောင်းပြုပြီး တရားစီရင်ရေး ကဏ္ဍတစ်ခုလုံးကို သိမ်းကျုံး ဝေဖန်မယ်ဆိုရင် ပြည်သူလူထုက တရားစီရင်ရေးကဏ္ဍတစ်ခုလုံးအပေါ်မှာ အထင်အမြင်မှားလာ နိုင်မှာ ဖြစ်ပါတယ်ရှင်။ တစ်ဖက်မှလည်း တရားသူကြီးများက ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရမှာဖြစ်ပါတယ်။ အမှုများကို မှန်ကန်မြန်ဆန်စွာ စီရင်သင့်ပါတယ်။ သို့မှသာ ပြည်သူလူထုရဲ့ ယုံကြည်မှုကို ရရှိနိုင်မှာဖြစ်ပြီး တစ်ဖက်မှ တရားစီရင်ရေးကဏ္ဍရဲ့ ဂုဏ်သိက္ခာ များလည်း မြင့်မားလာမှာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ တရားဥပဒေလောကမှာ အမြဲတမ်း ပြောလေ့ ပြောထရှိတဲ့စကားတွေရှိပါတယ်။ အဲဒီစကားကတော့ ယခင်ကလည်းပြောတယ်။ နောင်ကိုလည်း ပြောနေ မှာပဲဖြစ်ပါတယ်။ အဲဒါကတော့ အမှုသည်ကတော့ သူ့အမှုအမြဲတမ်းမှန်တယ်။ ရှေ့နေကလည်း သူ့အမှုအမြဲတမ်း ကောင်းတယ်လို့ ပြောပါတယ်။ ဒါပေမယ့် တရားသူကြီးကတော့ နှစ်ဖက်စလုံးကို အနိုင်ပေးလို့ မရပါဘူး။ အထူးသဖြင့် တရားမမှုများမှာဆိုရင် တစ်ဖက်ကိုသာ အနိုင်ပေးပြီး တစ်ဖက်ကတော့ ရှုံးရစမြဲ ဖြစ်ပါတယ်။ ရှုံးတဲ့ဘက်ကတော့ အမြဲတမ်း တရားသူကြီးက မတရားဘူးလို့ ပြောပါတယ်။ ဒီအဖြစ်တွေကတော့ အမှုတွေရှိနေသရွေ့ ဘယ်တော့မှ ကုန်ဆုံးနိုင်မှာ မဟုတ်ပါဘူး။ ဒါကလည်း ဦးသိန်းညွန့်ရဲ့ တရားသူကြီးတွေအပေါ်အမြင်ကို ကျွန်မရဲ့အတွေ့အကြုံနဲ့ ထင်ဟပ်ပြီး ပြန်လည်ဆွေးနွေးခြင်းသာ ဖြစ်ပါတယ်ရှင်။

အချုပ်အားဖြင့်ပြောရမယ်ဆိုရင်တော့ သယ်ာ်းကျွန်းမဲဆန္ဒနယ်က ဦးသိန်းညွန့်ရဲ့ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေကို ရုပ်သိမ်းပေးပါရန်လို့ အကျိုးအကြောင်းဖော်ပြပြီး အဆို တင်သွင်း ဆွေးနွေးပြောကြားချက်နဲ့ အမှန်တကယ် ဥပဒေမှာပါရှိတဲ့အချက်အလက်များဟာ လုံးဝ ကွဲလွဲနေတာကို တွေ့ရပါတယ်။ ဒီဥပဒေဟာ ၁၉၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပေမယ့် ယနေ့တိုင်အောင် ရှင်သန်နေဆဲ ပြည်သူလူထုကို အကျိုးပြုနေဆဲဖြစ်တဲ့အပြင် ယင်းဥပဒေကို လွှမ်းမိုးနိုင်တဲ့ အခြားပြဋ္ဌာန်းဥပဒေလည်း မပေါ်ပေါက်သေးပါဘူး။ ရှေးလူကြီးများရဲ့ ဆိုရိုးစကားရှိပါတယ်။ တွင်းပေါင်းရေကြည် အေးမြသည်တဲ့ ဒီဥပဒေကလည်း အလားတူပါပဲ။

သက်တမ်း ၈၅ နှစ် ရှိပြီဖြစ်တဲ့ ဒီဥပဒေဟာ ဟောင်းပေမယ့်လည်း ကောင်းနေဆဲဖြစ်တဲ့အတွက် ဤဥပဒေကို ရုပ်သိမ်းခြင်းမပြုသင့်ဘဲ ဦးသိန်းညွန့်ရဲ့ အဆိုကိုသာ ပြန်လည်ရုပ်သိမ်းသင့်ပါကြောင်း သဘောရိုးနဲ့ ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။နေ့လယ်စာ သုံးဆောင်ရန် အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို နေ့လည် ၁၃း၁၀ နာရီမှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါမယ်။]

**အခမ်းအနားမှူး**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးသိန်းညွန့် သဃ်န်းကျွန်းမဲဆန္ဒနယ်၏ "၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်မှု အက်ဥပဒေ (The Contempt of Courts Act., Act XII, 1926) ရုပ်သိမ်းပေးပါရန် "အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင်ကပြည်လည်ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်ရဲ့ အဆိုနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့ဝင်က ပြည်လည်ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၅**။

**ဒေါက်တာထွန်းရှင်(ပြည်ထောင်စုရှေ့နေချုပ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ကြွရောက်လာသောဧည့်သည်တော် အပေါင်းတို့မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဆန္ဒပြုပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ၁၉၂၆ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သော တရားရုံးများကို မထီမဲ့မြင်ပြုသည့် အက်ဥပဒေဟာ ဗြိတိသျှ အင်ပါယာထူထောင်သောခေတ်တွင် အင်္ဂလန်နိုင်ငံမှ ဆင်းသက်လာခြင်းဖြစ်ကြောင်း၊ယင်းဥပဒေမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၅၄ ပါပြဋ္ဌာန်းချက်ကို ရယူနိုင်ရေး

အတွက် အတားအဆီး ဖြစ်နေသည့် အပြင်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၉ နဲ့လည်းညီညွတ်ခြင်းမရှိကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေ၌လည်း ဖြောင့်မှန်စွာ တရားစီရင်ရေးကို ဆန့်ကျင်သောပြစ်မှုများ ပြည်သူ့ဝန်ထမ်းများရဲ့ ဥပဒေအရအာဏာကို မထီမဲ့မြင်ပြုမှုများနဲ့ စပ်လျဉ်း၍ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း ဖော်ပြလျက် ၁၉၂၆ခုနှစ်၊ တရားရုံးများကိုမထီမဲ့မြင်ပြု အက်ဥပဒေအား ရုပ်သိမ်းပေးပါရန် အဆိုကိုတင်သွင်းသွားခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၅၄ ဟာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ၏ နယ်နိမိတ်များ ပြင်ဆင်ရေး၊ ဖွဲ့စည်းရေး၊ အမည်ပြောင်းလဲရေး ကိစ္စရပ်များဖြစ်သဖြင့် တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေပြဋ္ဌာန်းချက်များနှင့် ဆက်စပ်သက်ဆိုင်မှု တွေ့ရှိရပါတယ်။ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနှင့် တာဝန်အခန်းရှိပုဒ်မ ၃၅၄ ကို ဆိုလိုသည်ဟု ယူဆပါတယ်။ ယင်းပုဒ်မ ၃၅၄ ပုဒ်မခွဲ(က)မှာ နိုင်ငံသားတိုင်းအား နိုင်ငံတော်က ပြဋ္ဌာန်းထားသည့်ဥပဒေများနဲ့ မဆန့်ကျင်ဘဲ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆို ရေးသားဖြန့်ဝေခွင့်ပြုထားပါတယ်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၉ မှာ လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့်၊ ဖွင့်ဟဖော်ပြနိုင်ခွင့်၊ လွတ်လပ်စွာ ဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နဲ့ ဝေငှဖြန့်ချိနိုင်ခွင့်တို့ရှိကြောင်း ဖော်ပြထားပါတယ်။ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေဟာ အများပြည်သူရဲ့ အကျိုးကို ကာကွယ်ရန်နှင့် တရားစီရင်ခြင်းခံရမယ့် အမှုသည်များရဲ့အကျိုးကို ကာကွယ်ရန် နိုင်ငံတော်ရဲ့ အမြင့်ဆုံးတရားရုံးအား အာဏာအပ်နှင်းထားတဲ့ ဥပဒေဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ (က)ပါ ပြဋ္ဌာန်းချက်များနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ် ၁၉ ပါ ဖော်ပြချက်များနှင့် သီးခြားစွာရပ်တည် အဓိပ္ပါယ်ဆောင်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြု အက်ဥပဒေ ပုဒ်မ ၂ မှာ အမြင့်ဆုံးတရားရုံးကိုသာ စီရင်ပိုင်ခွင့်ပေးထားခြင်း ဖြစ်ပါတယ်။ အမြင့်ဆုံးတရားရုံးတစ်ရုံးကိုသာ စီရင်ပိုင်ခွင့်ပေးထားပြီး ကျန်လက်အောက်ခံ တရားရုံးများကို တရားစီရင်ခွင့် မပေးထားပါ။ လက်အောက်ခံတရားရုံးများ၌ ကျူးလွန်သော မထီမဲ့မြင်မှုများကို အမြင့်ဆုံးတရားရုံး၌သာ စီရင်ပိုင်ခွင့်ပေးထားကြောင်း အဓိပ္ပါယ်ဆောင်တဲ့အတွက် ဒီဥပဒေကို ရေးဆွဲစဉ်က ထိန်းထိန်းသိမ်းသိမ်းနဲ့ ပြဋ္ဌာန်းထားကြောင်း သိရှိရပါတယ်။ ကျယ်ပြန့်စွာစီရင်ပိုင်ခွင့် ပေးထားခြင်းလည်း မဟုတ်ဘဲ အမြင့်ဆုံးတရားရုံးကိုသာ စီရင်ပိုင်ခွင့် ပေးထားခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ လက်အောက်ခံ တရားရုံးများမှာ ဖြောင့်မှန်စွာ တရားစီရင်ရေးကို ထိပါးစော်ကားခြင်း၊ ဝင်ရောက်

နှောက်ယှက်ခြင်းများကို တမင်ကျူးလွန်သည့် ကိစ္စများအတွက် လက်အောက်ခံတရားရုံးများက အရေးယူသည့်ပြဋ္ဌာန်းချက်များဖြင့် နောက်ဥပဒေတစ်ခုဖြစ်တဲ့ ပြစ်မှုဆိုင်ရာ ဥပဒေမှာ ပုဒ်မ ၁၇၅၊ ၁၇၈၊ ၁၇၉၊၁၈၀၊၂၈၈ တို့ ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၈ တွင် ပြည်သူ့ဝန်ထမ်းတစ်ဦးဟာ တရားစီရင်မှု ဆောင်ရွက်နေစဉ် ထိုပြည်သူ့ဝန်ထမ်းကို မည်သူမဆို တမင်စော်ကားလျှင် သို့တည်းမဟုတ် ဝင်ရောက်နှောင့်ယှက်လျှင် ပြစ်ဒဏ်သင့်ပါတယ်။ ပုဒ်မ ၂၂၈ သည် တရားရုံးထိုင် ပြည်သူ့ဝန်ထမ်းအား တရားစီရင်နေစဉ် စော်ကားခြင်းကို ပြစ်ဒဏ်ပေးသော ပုဒ်မဖြစ်ပါတယ်။ ဒီပြစ်မှုမြောက်ရန် ကျူးလွန်သူအနေဖြင့် ရည်ရွယ်ချက်၊ မထီမဲ့မြင်စော်ကားခြင်း၊ နှောင့်ယှက်ခြင်းနဲ့ ပြည်သူ့ဝန်ထမ်းဟာ တရားစီရင်ရာ၌ ရုံးထိုင်နေခြင်းစတဲ့ အင်္ဂါရပ်များ လိုအပ်ပါတယ်။ အနှစ်သာရအားဖြင့် တရားရုံး၌ ရုံးထိုင်လျက်ရှိသော ပြည်သူ့ဝန်ထမ်းကို အကာအကွယ်ပေးထားတဲ့ ပုဒ်မဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ ဒီအချက်နဲ့ ပတ်သက်လို့ ချမှတ်ထားတဲ့ စီရင်ထုံးပေါင်းများစွာ ရှိတယ်လို့လည်းလေ့လာသိရှိရပါတယ်။ ယေဘူယျအားဖြင့် တွေ့ရှိရသော အဖြစ်အပျက်များအရဆိုရင် တရားခွင်တွင် ရိုင်းစိုင်းသော အပြုအမူပြုခြင်း၊ ဥပဒေနှင့်အညီ တရားရုံးက မေးသည့်မေးခွန်းကို ဖြေဆိုရန်ငြင်းဆိုခြင်း၊ ဆူပူရန်ပြုခြင်း၊ သက်သေအစစ်မခံဘဲ တရားရုံးမှတမင်ထွက်ခွာသွားခြင်းတို့ ဖြစ်ပါတယ်။ ယင်းအပြုအမူများအား ပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူလေ့ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုခြင်း အက်ဥပဒေသည် အထက်ဖော်ပြပါ ပြစ်မှုကျူးလွန်ခြင်းနဲ့ မသက်ဆိုင်ပါ။ ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူအပြစ်ပေးနိုင်သော ပြစ်မှုဖြစ်ပါက တရားရုံးများကို မထီမဲ့မြင်ပြုအက်ဥပဒေအရ အရေးမယူကြောင်း တရားရုံးများကို မထီမဲ့မြင်ပြုအက်ဥပဒေပုဒ်မ ၂ မှာ ခြွင်းချက်ပေးထားတာတွေ့ရပါတယ်။ ဤအက်ဥပဒေပုဒ်မ ၃ အရ အရေးယူလေ့ရှိသော မှုခင်းများမှာ အမှုအတောအတွင်း အမှုနှင့် စပ်လျဥ်း၍ ဝေဖန်မှုများကို ပုံနှိပ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ တစ်ဖက်အမှုသည်ကို ထိခိုက်နစ်နာစေသော ဆောင်းပါးပုံနှိပ်ခြင်းများ ထုတ်ဝေလျှင်တရားသူကြီးရဲ့ စဥ်းစားဆင်ခြင်မှုကို ပြောင်းလဲစေလို့ရှိရင် တစ်ဖက်အမှုသည် နစ်နာသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအချက်ကို တားမြစ်တဲ့အနေနဲ့ အခုဒီဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်တယ်လို့ ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ ဒီဟာကိုကျွန်တော်တို့ ဥပဒေဘာသာရပ်စကားအားဖြင့် လက်တင်ဘာသာနဲ့ Suggested လို့လည်း ခေါ်ပါတယ်။ အင်္ဂလိပ်ဘာသာအားဖြင့် တရားသူကြီးကို Prejudice ဖြစ်စေခဲ့ပါတယ်။ တစ်ဖန် ဒီအက်ဥပဒေနဲ့ ပတ်သက်လို့လေ့လာတဲ့အခါမှာ စီရင်ထုံးများအနေနဲ့ ကြည့်မယ်ဆိုရင် စီရင်ထုံးပေါင်းများစွာကို

ပြဋ္ဌာန်းထားကြောင်းလည်းတွေ့ရပါတယ်။ စီရင်ထုံးများကို ကြည့်မယ်ဆိုလို့ရှိရင် စီရင်ထုံးများကို လေ့လာတဲ့အခါမှာ ဦးဆောင်စီရင်ထုံးရယ်လို့ရှိပါတယ်။ ဦးဆောင်စီရင်ထုံးကနေပြီးတော့ ကျန်တဲ့ ဥပဒေနဲ့ ပတ်သက်တဲ့နိယာမများကို ချမှတ်ပြီးတော့ တောက်လျှောက် ဒီစီရင်ထုံးမှာ ပါတဲ့အတိုင်းပဲ လိုက်နာကြတာကို တရားစီရင်ရေးလောကမှာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ဒီဥပဒေနဲ့ ပတ်သက်တဲ့ အနှစ်သာရဖြစ်တဲ့ ဦးဆောင်စီရင်ထုံးမှာ ဘာပါလဲဆိုလို့ရှိရင် ကျွန်တော်တို့ လေ့လာတဲ့ အခါမှာ ဒီစီရင်ထုံးအရ ဖော်ပြချက်ကတော့ တရားရုံးများကို မထီမဲ့မြင် ပြောဆိုခြင်း၊ ရေးသားခြင်း အတွက် အရေးယူအပြစ်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ ပြစ်မှုကျူးလွန်သူအား နောက်ထပ် မကျူးလွန် စေရန် ဖြစ်ပါတယ်။ တရားရုံးနှင့် တရားသူကြီးကို ကာကွယ်သောဥပဒေမဟုတ်ပါ။ အများပြည်သူကို ကာကွယ်သောဥပဒေဖြစ်ပါတယ်။ အထူးသဖြင့် တရားစီရင်ခြင်းခံရမည့် အမှုသည်၏အကျိုးကို ပျက်စီးစေမှု ကာကွယ်သောဥပဒေ ဖြစ်တယ်လို့ ဦးဆောင်စီရင်ထုံးမှာ ချမှတ်ထားတာတွေ့ရပါတယ်။ သို့ပါ၍ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ခြင်းပြုတဲ့ အက်ဥပဒေဟာ ဖြောင့်မှန်သော တရားစီရင်ရေးကို ဆန့်ကျင်မှုကို အပြန့်အတားဖြစ်စေတဲ့ ပြည်သူကို အကျိုးပြုတဲ့၊ ပြည်သူကို ကာကွယ်တဲ့ ဥပဒေဖြစ်ပါတယ်။ တစ်ဖက်မှာ ကြည့်မယ်ဆိုလို့ရှိရင် ပြည်သူ့ဝန်ထမ်း တရားစီရင်တဲ့ အခါမှာ တရားရုံးကိုမထီမဲ့မြင်ပြုလို့ရှိရင်တော့ စောစောက တင်ပြသွားတဲ့ ပြဋ္ဌာန်းချက်များအတိုင်း အရေးယူဆောင်ရွက်သွားတာကို တွေ့ရပါတယ်။ အချုပ်အားဖြင့်ပြောရရင် ဒီဥပဒေနှစ်ခုရဲ့ ရည်ရွယ်ချက်ခြင်းဟာလည်းမတူဘဲ၊ အနှစ်သာရခြင်းဟာလည်းမတူဘဲ ဖြစ်နေပါတယ်။ ဒါကြောင့် ၁၉၂၆ ခုနှစ်၊ ဥပဒေကို လေ့လာတဲ့အခါမှာ ဒီဥပဒေဟာ အမှုဖြစ်နေတဲ့ပြည်သူကို ပြည်သူ၏အကျိုးကို ကာကွယ်တဲ့ ဥပဒေဖြစ်တဲ့အတွက် ဒီဥပဒေကိုရုပ်သိမ်းခြင်း သို့မဟုတ် ဆက်လက်ထားရှိခြင်း ပြုရန် သင့်၊ မသင့် အလေးအနက်စဥ်းစားသင့်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မူလစတင်အဆိုတင်သွင်းတဲ့ ဦးသိန်းညွန့်ရဲ့ဆန္ဒသဘောထား သိလိုပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၁၉ မှာပေးထားတဲ့အနေနဲ့ ကျွန်တော်အချက်နှစ်ချက်တော့ ပြန်ရှင်းလင်းပါရစေ။ ဒီဥပဒေရဲ့ဇစ်မြစ်က မနေ့က အင်္ဂလန်မှာ ပညာသင်ကြားခဲ့တဲ့ ကျွန်တော်တို့ အများသူငါလေးစားတဲ့ ရှေ့နေကြီး ဒေါက်တာဘတင်ရဲ့ အင်္ဂလန်က ဆင်းသက်လာတဲ့ ပဒေသရာဇ်တွေကို ကာကွယ်ဖို့ဆိုတဲ့အချက်

မနေ့က ကျွန်တော် တင်ပြပြီးပါပြီ။ နောက်ဒုတိယအချက်က ဘယ်သူတွေကပြဋ္ဌာန်းသလဲဆိုရင် ကိုလိုနီခေတ်က အာဏာပိုင်တွေက ပြဋ္ဌာန်းခဲ့တဲ့ဥပဒေပါ။ ဒီနေ့ကျွန်တော်တို့ ပြည်သူ့ဆန္ဒ၊ ပြည်သူ့ အသံကိုအလေးထားနေတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလမှာ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေမဟုတ်တဲ့ဥပဒေအားလုံးဟာ ခေတ်ကာလနဲ့ကိုက်ညီ၊ မကိုက်ညီ ပြန်လည်ပြီးတော့ စဉ်းစား သုံးသပ်ဖို့ လိုတယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားအကျိုးငှာ ဒီဥပဒေကို ကျွန်တော် တင်ပြဆွေးနွေးခဲ့ပါတယ်။ ဒီလိုတင်ပြဆွေးနွေးတဲ့အခါမှာလည်း ကျွန်တော်ဟာ ၁၉၈၂ ခုနှစ်က စပြီးတော့ ရှေ့နေလိုက်လာသူဖြစ်တဲ့အတွက် လွှတ်တော်ရဲ့ သတ်မှတ်ချက်အတိုင်း သာမန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ အဆိုတင်သွင်းတဲ့အခါမှာ ကျွန်တော်စာရွက်စာတမ်းကို မဖတ်ဘဲနဲ့ အချက်အလက်ပေါ်မှာ လေးလေးစားစားတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဖတ်စရာရှိရင်လည်း ဥက္ကဋ္ဌကြီးကိုခွင့်တောင်းပြီးမှ ဖတ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်ကျွန်တော် အထက်ကတင်ပြခဲ့တဲ့ အချက်ကိုထောက်ထားပြီးတော့ အခုဒီအဆိုနဲ့ ပတ်သက်ရင်ဒီမိုကရေစီနည်းကျကျ လွှတ်တော် ကိုယ်စားလှယ်များရဲ့ အဆုံးအဖြတ်ကို ကျွန်တော်နာခံပါမယ်။ အဲဒါကြောင့် ဒီလူ ၃ ဦး ဆွေးနွေးချက် ကိုရော၊ ရှေ့နေချုပ်ဆွေးနွေးချက်ကိုရော ကျွန်တော်နားလည် သဘောပေါက်ပါတယ်။ သို့သော် ဒီမှာ အသံတိတ်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ သဘောထားကိုလည်း သိချင်တဲ့အတွက် ကျွန်တော့် အဆိုကို ကျွန်တော် ပြန်လည်မရုပ်သိမ်းပါဘူး။ ကျွန်တော်လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို နာခံပါ့မယ် ဆိုတဲ့အကြောင်း ဥက္ကဋ္ဌကြီးကိုလေးစားစွာတင်ပြပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၂၂။**

**ဥက္ကဋ္ဌ။** ။ဒါနဲ့ပတ်သက်ပြီးပြည်ထောင်စုအဆင့် တာဝန်ရှိသူက ပြန်လည်ဆွေးနွေးမယ် ဆိုရင်ဆွေးနွေးခွင့်ရှိပါတယ်။ ဆွေးနွေးလိုလျှင်ဆွေးနွေးပေးပါ။ ဒါကြောင့် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းတဲ့ ၁၉၂၆ ခုနှစ်၊ တရားရုံးများကိုမထီမဲ့မြင်ပြုမှုမှု အက်ဥပဒေ The Comtempt of Courts Act,Act XII, 1926 အား ရုပ်သိမ်းပေးပါရန် အဆိုနှင့် စပ်လျဉ်းပြီး အတည်ပြုမပြု ဆုံးဖြတ်နိုင်ရန် လွှတ်တော်ရဲ့ဆန္ဒရယူမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ စက်ခလုတ်အသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးတဲ့ နည်းလမ်းကျင့်သုံးသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စု ရှေ့နေချုပ် အရှေ့မှာရှိတဲ့ စကားပြောခွက်ရဲ့ Voating Card ပြန်နှုတ်ပေးပါ။ဆန္ဒမဲပေးကြဖို့ အသင့် ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ဘုတ်မှာမပေါ်ဘူး။ ကိုယ်စားလှယ်များရဲ့ ရှေ့မှောက်မှာရှိတဲ့ ဘုတ်မှာမပေါ်ဘူး။ ဥက္ကဋ္ဌရှေ့မှာရှိတဲ့ဘုတ်မှာတော့ပေါ်တယ်။ ပြန်ပျောက်သွားတယ်။ တာဝန်ရှိတဲ့

သူတွေ ပြင်နိုင်ဦးမှာလား။ ဘုတ်မှာပေါ်ဖို့ ပြင်လို့ရမလား။ ဒီမှာပေါ်တဲ့ဟာကိုဖတ်ပြပါမယ်။ ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူပေါင်း ၃၈၈ ဦး၊ ထောက်ခံဆန္ဒမဲပေါင်း ၂၃ ဦး၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၁၄ ဦး၊ ကြားနေ ဆန္ဒမဲပေါင်း ၂၇ ဦး မပေးရသေးဘူးလား။ ဒါဖြင့် ဒါမှားတာပေါ့။ ဒီဘုတ်ကမှားတာလား။ ကဲဒီလိုဆိုရင် ပြောင်စနစ်နဲ့ ဆန္ဒခံယူပါမယ်။ ကန့်ကွက်မယ့်သူများ မတ်တပ်ရပ်ပေးပါ။ တပ်မတော် ကိုယ်စားလှယ် ဘက်က ထောက်ခံမယ့်လူ ကျန်သလား။ မရှိဘူး။ တပ်မတော်ကိုယ်စားလှယ် အားလုံးကန့်ကွက်တယ်။ နောက်ဒီဘက် အလယ်တန်း ဘယ်ဘက်ခြမ်းတစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်ရှေ့တန်းမှာရှိတဲ့ ပြောင်းပြန်ပြန်ပြောပါမယ်။ အလယ်တန်း ကန့်ကွက်မယ့်သူများ မတ်တပ်ရပ်ကနေပြီးတော့ ပြောင်းပြန် ပြန်ပြောပါမယ်။ ကန့်ကွက်တဲ့သူများ ထိုင်ပါ။ ထောက်ခံမယ့်သူများ မတ်တပ်ထပါ။ ရပြီ။ တပ်မတော်သားတွေ။ ကျွန်တော် ပြန်ရှင်းအောင် ပြောပါမယ်။ ကန့်ကွက်မယ့်သူများထိုင်ပါ။ ထောက်ခံမယ့်သူများ မတ်တပ်ရပ်ပါ။ ကဲဒါကြောင့်မို့လို့ တစ်ယောက်၊ နှစ်ယောက်။ အခု ထောက်ခံမယ့်သူနှစ်ယောက် တွေ့ပါတယ်။ ရှေ့မှာတစ်ယောက်၊ သုံးယောက် တွေ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မြင်မယ်ထင်ပါတယ်။ ဦးသိန်းညွန့်လည်း အားလုံးမြင်မယ် ထင်ပါတယ်။ ဦးသိန်းညွန့် ၊ဦးကြည်မြင့်နောက်ဒီဘက်က ဒေါ်နန်းဝါနုဘေးက ဘယ်သူလဲ။ ခုနက ဒီဟာသည် စက်ရဲ့ချို့ယွင်းချက်တွေ ဖြစ်နိုင်တယ်။ ကျွန်တော့်ရဲ့ ဝဲဘက်ရှေ့တန်းဘက်က သူတို့ မဲမပေးရသေးဘဲနဲ့ ခုနက ဥက္ကဋ္ဌရဲ့ဘုတ်မှာ ပေါ်တယ်လို့ပြောပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် ဘုတ်မှာပေါ်တဲ့ ဟာကတော့ ခုနကအတိုင်း ဖြစ်ပါတယ်။ သို့ရာတွင် လက်တွေ့မှာတော့ ဒါပြောင်မဲ ပေးတဲ့ စနစ်နဲ့ကျင့်သုံးတဲ့အခါမှာ မြင်တဲ့အတိုင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘုတ်နဲ့ပတ်သက်လို့ စက်ချို့ယွင်းတဲ့အတွက် မှတ်တမ်းတင်စရာမလိုပါဘူး။ ဦးသိန်းညွန့်ရှင်းမယ် ထင်ပါတယ်။ ကျွန်တော် အများတစ်ခုအနေနဲ့ အမှားကြီးကိုမှတ်တမ်းမတင်ပါဘူး။ မှတ်တမ်းတင်ဖို့ကတော့ လျှို့ဝှက် စက်ခလုတ်နဲ့ မဲပေးခိုင်းတဲ့အခါမှာ စက်ခလုတ်ပျက်တယ်။ ဒါကြောင့်မို့လို့ ပြောင်မဲ ပေးခိုင်းတယ်။ မဲပေးခိုင်းတဲ့အခါမှာ ခုနကတစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်ကသာလျှင် ထောက်ခံတယ်။ ဒါဆိုလျှင် ထောက်ခံတဲ့ ဦးကြည်မြင့်လည်း သဘောပေါက်မယ် ထင်ပါတယ်။ ထောက်ခံမဲသုံးမဲ၊ ကြားနေမဲမရှိ၊ အားလုံးပေါင်း ၃၈၈ ဖြစ်တဲ့အတွက် ကန့်ကွက်မဲ ၃၈၅ မဲ၊ ကြားတောင်မတွေ့ဘူး။ ခုနကတုန်းက နှစ်ခုပဲ ပြောတယ်။ တစ်ခုကထောက်ခံသူ၊ တစ်ခုက ကန့်ကွက်သူ၊ ကြားနေ မေးစေချင် လို့လား။ ကဲ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်တင်ပြချက်အရ ကျွန်တော် မေးတာတော့ ရှင်းပါတယ်။ ထောက်ခံရင် ထောက်ခံတယ်။ ကန့်ကွက်ရင် ကန့်ကွက်တယ်ပေါ့။

အဲဒီနေရာမှာ သူတို့က ကျွန်တော်တို့က ကြားနေပါမယ်ဆိုပြီး ထပြောရင်လည်းရပါတယ်။ ဒါပေမယ့်လို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကောင်းမြတ်တဲ့ အကြံကြောင့် ကြားနေဆန္ဒမဲပြုသူများ ရှိလို့ရှိရင်လည်း ကျေးဇူးပြုပြီး မတ်တပ်ရပ်ပေးပါ။ ဟိုးနောက်တန်းမှာ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက် ညာဘက်အစွန်ဆုံးက ခြောက်ယောက် ထိုင်နိုင်ပါပြီ။ ဒီဘက်အလယ်တန်းမှာ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနှစ်၊ ရှစ် မှန်တယ်နော်။ ရှစ်ယောက်။ ဒီဘက်ကျွန်တော့်ရဲ့ ဘယ်ဘက်တန်းမှာ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနှစ်၊ ရှစ်၊ ကိုး၊ တစ်ဆယ်၊ ဆယ့်တစ်၊ ဆယ့်နှစ်၊ အဲတော့ ပထမညာဘက်အစွန်ဆုံးက ဘယ်လောက်လဲ။ ခြောက်ယောက်၊ ဒုတိယရှစ်ယောက်၊ တတိယ ၁၂ ယောက်၊ ၂၆ ယောက် ထိုင်နိုင်ကြပါပြီ။ ဒါကြောင့် ပြန်ပြင်မယ်။ ထောက်ခံမဲ ၃ မဲ၊ ကြားနေမဲ ၂၆ မဲ၊ ကန့်ကွက်မဲ ၂၉ မဲနှုတ်။ ၃၅၉ မဲ မှန်သလား။ ဦးသိန်းညွန့် ထောက်ခံမဲ ၃ မဲ၊ ကန့်ကွက်မဲ ၃၅၉မဲ ၊ကြားနေမဲ ၂၆ မဲ မှန်ပါတယ်နော်။  လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြောင်ဆန္ဒမဲပေးလို့ပြီးပါပြီ။ အဆိုနှင့် စပ်လျဉ်းပြီး ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံမဲ ၃ မဲ၊ ကန့်ကွက်မဲ ၃၅၉ မဲ၊ ကြားနေမဲ ၂၆ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုကန့်ကွက်တဲ့ ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် သယံဇာတကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းတဲ့ ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေအား ရုပ်သိမ်းပေးပါရန်အဆိုကို လွှတ်တော်က အတည်မပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာမောင်မောင်ဝင့်၊ ဗဟန်းမဲဆန္ဒနယ်၏ "ပြည်ပနိုင်ငံများသို့ ဆေးပညာအထူးပြု ဘာသာရပ်များကို လေ့လာသင်ယူရန် အဆင့်တူဘွဲ့၊ ဒီပလိုမာအတွက် စေလွှတ်ခွင့် မရှိစေသော နိုင်ငံခြားပညာသင်မှုကို ခြွင်းချက်ထားစဉ်းစားပေးပါရန် "အဆို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုတင်သွင်းခြင်း အစီအစဉ် ဆောင်ရွက်ပါမယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်တဲ့အခါ တင်သွင်းမယ့် ကိုယ်စားလှယ်အနေနဲ့ မိမိအဆိုရဲ့ အမည်ကို ဦးစွာဖတ်ပြတင်သွင်းပြီးမှ ဆွေးနွေးရန် ဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့ ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်အား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၃၅။**

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆန္ဒပြုရင်းနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်ဝင့် ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းမယ့် အဆိုကတော့ ပြည်ပနိုင်ငံများသို့ ဆေးပညာအထူးပြုဘာသာရပ်များကို လေ့လာသင်ယူရန် အဆင့်တူ ဘွဲ့ဒီပလိုမာအတွက် စေလွှတ်ခွင့်မရှိဆိုသော နိုင်ငံခြားပညာသင်မှုကို ခြွင်းချက်ထားစဉ်းစားပေးပါရန် အဆိုဖြစ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ရက်ပိုင်းအတွင်းမှာပဲ ကျန်းမာရေးဝန်ကြီးဌာနသို့ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ညွှန်ကြားပြီး ဖြစ်ကြောင်း သတင်းကောင်းရရှိပါသောကြောင့် ကျွန်တော်၏အဆိုကို ဆက်လက်တင်သွင်းရန် မလိုအပ်တော့ပါကြောင်း ဝမ်းမြောက်ဝမ်းသာ တင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဆရာကြီး နောက်ဆုံးပြောသွားတဲ့ စကားကို မကြားလိုက်ပါဘူး။ ပြန်ပြီးတော့ တင်ပြပေးပါဦး။

**ဒေါက်တာမောင်မောင်ဝင့်(ဗဟန်းမဲဆန္ဒနယ်)** ။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြတဲ့ အဆိုနဲ့ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ရက်ပိုင်းအတွင်းမှာပဲ ကျန်းမာရေးဝန်ကြီးဌာနသို့ လိုအပ်သလို ဆောင်ရွက်ရန် ညွှန်ကြားပြီးဖြစ်ကြောင်း သတင်းကောင်းရရှိပါသောကြောင့် ကျွန်တော်၏ အဆိုကို ဆက်လက်တင်သွင်းရန် မလိုအပ်တော့ပါကြောင်း ဝမ်းမြောက်ဝမ်းသာ တင်ပြအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်၏ “ ၁၉၀၇ ခုနှစ်၊ ကျေးရွာအက်ဥပဒေ(The VillageAct., 1907) နှင့် ၁၉၀၇ ခုနှစ်၊ မြို့ပြအက်ဥပဒေ(The Towns Act.,1907. Act III of 1907)တို့ကို ခေတ်နှင့်အညီ ပြန်လည်ရေးဆွဲရန်နှင့် ယင်းသို့ရေးဆွဲနေစဉ်အတွင်း အထက်ပါအက်ဥပဒေမှ ဧည့်စာရင်းတိုင်ကြားခြင်းနှင့် ဧည့်စာရင်းမတိုင်မှု ပြစ်ဒဏ်များဆိုင်ရာပုဒ်မများကို ပြန်လည်ရုပ်သိမ်းပေးပါရန်”အဆို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်အားအဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၃၇။**

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။လေးစားအပ်သောဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ ၁၉၀၇ ခုနှစ်၊ ကျေးရွာဥပဒေနှင့် ၁၉၀၇ ခုနှစ်၊ မြို့ပြအက်ဥပဒေတို့ကို ခေတ်နဲ့အညီ ပြန်လည်ရေးဆွဲရန်နှင့် ယင်းသို့ရေးဆွဲနေစဥ်အတွင်း အထက်ပါအက်ဥပဒေမှ ဧည့်စာရင်းတိုင်ကြားခြင်းနှင့် ဧည့်စာရင်းမတိုင်မှုပြစ်ဒဏ်များဆိုင်ရာပုဒ်မများကို ပြန်လည်ရုပ်သိမ်းပေးရန် အဆိုဖြစ်ပါတယ်။ အဲဒါက ကျွန်တော်ဩဂုတ်လ ၄ ရက်နေ့က ကျွန်တော် လွှတ်တော်ရုံးကို ပေးပို့ခဲ့တဲ့ အဆိုပါ။ အခု ဒီမှာ ဩဂုတ်လ ၂၀ ရက်နေ့ ဖြန့်ဝေထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဥပဒေကြမ်း ပုဒ်မ ၄၆ မှာ ဤမြို့ပြ၊ မြို့များအက်ဥပဒေ ၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေ အမှတ် ၃ နှင့် ကျေးရွာအက်ဥပဒေ ၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေ ၆ တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဆိုတာ တွေ့ရတဲ့အတွက် ကျွန်တော့်အဆိုကိုဆွေးနွေးဖို့ မလိုတော့ပါဘူး။ သို့သော်အဲဒီမှာပါတဲ့ ဧည့်စာရင်းတိုင်ကြားခြင်းနှင့် ဧည့်စာရင်းမတိုင်မှုပြစ်ဒဏ်များဆိုင်ရာပုဒ်မများနဲ့ ပတ်သက်တာကတော့ နောက်ထပ်တင်သွင်းမယ့် ရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းမှာ ကျွန်တော်ဝင်ရောက် ဆွေးနွေးပါမယ်။ ဒါကြောင့် လေးစားအပ်သော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် မူလတင်သွင်းထားတဲ့အဆိုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို ကျွန်တော် လေးလေးစားစား တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ " အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်ရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံကြောင်း"အဆို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်အားအဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၄၀။**

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။**။ လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် အခု တင်သွင်းမယ့်အဆိုကတော့အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံကြောင်း အဆိုဖြစ်ပါတယ်။ ဤအဆိုကို ကျွန်တော် ဘာကြောင့်တင်သွင်း

ရသလဲဆိုရင် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်လေးလေးစားစား တင်ပြပါမယ်။ မေလ ၁၆ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်အမှတ် ၂၈/၂၀၁၁ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နှင့် ပတ်သက်ပြီးတော့ ဦးစွာကြိုဆိုကြောင်း၊ ဒီအမိန့်နှင့် ပတ်သက်ပြီး ထုတ်ပြန်ခဲ့တဲ့ ပြည်ထောင်စုအစိုးရရဲ့စေတနာကို အသိအမှတ်ပြုကြောင်း ကျွန်တော် ဦးစွာတင်ပြပါ ရစေ။ ဒီအမိန့်နဲ့ ပတ်သက်ပြီး ထွက်ပေါ်လာတဲ့အခါမှာ ဒီအမိန့်ပေါ်မှာ လုံးဝကျေကျေနပ်နပ်နဲ့ လက်ခံတဲ့သူတွေရှိသလို ဒီအမိန့်နဲ့ပတ်သက်ပြီး လွတ်လာတဲ့ အကျဉ်းသားအရေအတွက် အထူးဖြင့် ယုံကြည်ချက်ကြောင့် နိုင်ငံတော်လုံခြုံရေးပုဒ်မတွေနဲ့ ပြစ်ဒဏ်ကျခံနေရတဲ့ သူတွေနည်းပါးတဲ့အတွက် အားမလိုအားမရဖြစ်ကြတဲ့သူတွေလည်း ရှိကြပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့တဲ့အစဉ်အလာတွေကို ပြန်ကြည့်တဲ့အခါမှာ ဤလွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်သမ္မတက ထုတ်ပြန်ခဲ့တဲ့အခါမှာ အခုလိုတစ်နှစ်ပေးတဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ တွေ့ရသလို ၁၅ ရက်အထိပဲပေးခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များကိုလည်း ၁၉၄၇ ခုနှစ်က ထုတ်ပြန်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် လွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်တဲ့ ဒီအမိန့်အပေါ် မှာ ကျွန်တော်တို့ကတော့ လွတ်ငြိမ်းချမ်းသာခွင့်ဟာ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ပဲလို့ မှတ်ယူပါတယ်။ ဤအတိုင်းပဲ အများပြည်သူသိရှိအောင်လည်း ဥပဒေသမားတစ်ယောက်အနေနဲ့ အကျယ်တဝင့် ရေးသားတင်ပြခဲ့ပါတယ်။ လေးစားအပ်သောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ အခု ကျွန်တော်က ဒီလွတ်ငြိမ်းချမ်းသာခွင့်ကို ဆက်လက် ထုတ်ပြန်ပေးပါလို့ တင်ပြ ရခြင်းဟာ ခုနလွှတ်လိုက်တဲ့ လူအနည်းအများအရေအတွက်ထက်ကို ဒီနေ့ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလကို ဖြတ်သန်းနေပါတယ်။ ဒီကာလမှာ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဖို့ဆိုရင် နိုင်ငံရေးတည်ငြိမ်ဖို့ လိုအပ်ပါတယ်။ နိုင်ငံရေးတည်ငြိမ်မှု အတွက်ဆိုရင် ကျွန်တော်တို့အားလုံးက အမျိုးသားချင်း ပြန်လည်သင့်မြတ်ဖို့၊ သဟဇာတဖြစ်ဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရဖို့ အင်မတန်မှ ကျွန်တော်တို့ အရေးကြီးပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၀၄ အရပေးထားတဲ့ နိုင်ငံတော်သမ္မတကို အပ်နှင်း ထားပြီးသော လွတ်ငြိမ်းချမ်းသာခွင့်အမိန့်၊ ဒီအမိန့်နဲ့ ပတ်သက်ပြီးတော့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရဲ့ ထောက်ခံချက် လိုအပ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ အမျိုးသား ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီမှာလည်း ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးလည်း အဖွဲ့ဝင်အဖြစ် ပါဝင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီနေ့ အမျိုးသား ပြန်လည်သင့်မြတ်

ရေးအတွက် ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးတည်ငြိမ်မှုအတွက်က လွတ်ငြိမ်းချမ်းသာခွင့်တစ်ခုကို ထပ်မံထုတ်ပြန်ဖို့ မဖြစ်မနေလိုအပ်တယ်လို့ ယုံကြည်ပါတယ်။ ဒါက ဘာကြောင့်လဲဆိုရင် နိုင်ငံတော်သမ္မတကြီးကနေ အဝေးရောက်နေတဲ့ မြန်မာနိုင်ငံသားတွေပြန်လာဖို့ ဖိတ်ခေါ်ခဲ့တဲ့အချိန်မှာ နိုင်ငံရေးစေတနာအရ ဒါအင်မတန်ကောင်းမွန်စေပြီး အင်မတန် မွန်မြတ်ပါတယ်။ သို့သော် ဒီစေတနာအပေါ်မှာ အကြောင်းအမျိုးမျိုးကြောင့် သို့လောသို့လောဖြစ်နေတဲ့ အင်အားစုတွေရဲ့ အမြင်လည်းရှင်းလင်းသွားအောင် ရေရှည် ကျွန်တော်တို့နိုင်ငံအတွက် ပြည်ထောင်စုအစိုးရရဲ့သဘောထားကြီးမှု၊ အမြော်အမြင်ရှိမှု၊ တိုင်းသူပြည်သားတွေအပေါ်မှာ ရင်ဝယ်သားကဲ့သို့ သနားညှာတာမှုရှိတယ်ဆိုတာကို ဖော်ပြဖို့အတွက် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်၊ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်လို အမိန့်မျိုး ထပ်မံထုတ်ပြန်ဖို့ လိုအပ်ပါတယ်။ လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်း ဖြတ်သန်းမှုကိုကြည့်ရင် ကျွန်တော်တို့ငြိမ်းချမ်းရေး၊ ညီညွတ်ရေး နိုင်ငံတော်က စကားပြောတဲ့အခါတိုင်းမှာ ကျွန်တော်တို့ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာဆိုရင် ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် အောင်မြင်ဖို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌက လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ အမိန့်က ဥပဒေကဲ့သို့ အာဏာတည်ပြီးတော့ ဒီအမိန့်ပေါ်မှာ မူတည်ပြီး ကျွန်တော်တို့ ရာဇဝတ်ပြစ်မှု ကျူးလွန်တဲ့သူအားလုံးကို လွတ်ငြိမ်းခွင့်ပေးခဲ့ပါတယ်။ သို့သော် ပုဂ္ဂိုလ်ရေးအရဖြစ်တဲ့ လူသတ်မှုတို့၊ မုဒိမ်းမှုတို့ လူတစ်ယောက်ကို ထိခိုက်တဲ့အမှုတွေနဲ့ပတ်သက်လို့ရှိရင်လည်း သက်ညှာမှုတွေပေးခဲ့ပါတယ်။ လူသတ်မှုကို ထောင် ၁၀ နှစ်၊ မုဒိမ်းမှုကဲ့သို့ ပုဂ္ဂိုလ်ရေးထိခိုက်မှုကို ထောင် ၃ နှစ် အပြစ်ပေးခဲ့ပါတယ်။ အဲဒီတုန်းက လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရဆိုရင် တောတွင်းမှာရှိနေတဲ့ ပုဂ္ဂိုလ်တွေရော၊ နိုင်ငံခြားရောက်နေတဲ့ ပုဂ္ဂိုလ်တွေရော အားလုံးပြန်လာနိုင်အောင် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်မှာ အမိန့်ထုတ်ပြန်တဲ့ မတိုင်မီက ကျူးလွန်တဲ့အမှုတွေအားလုံးကို လွတ်ငြိမ်းခွင့်ပြုခဲ့ပါတယ်။ ဒီဟာက ဘယ်လောက်ထိကျယ်ပြန့်ခဲ့လဲဆိုရင် ပြည်တွင်းစစ်မှာ နှစ်ဖက်တိုက်ခိုက်နေတဲ့ အစိုးရဘက်ကရော၊ တောတွင်းလက်နက်ကိုင် အင်အားစုဘက်ကရော နှစ်ဖက်စလုံးကျူးလွန်ခဲ့တဲ့ အမှုတွေကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါတယ်။ ဒါတင်မက အစိုးရဌာနဆိုင်ရာအမှုထမ်းတွေ အဲဒီကာလတုန်းက အရေးယူခံနေရတဲ့ ကိစ္စတွေ၊ အရေးယူခံရဖို့ အကြောင်းရှိတဲ့ကိစ္စတွေကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ထဲမှာ ထုတ်ပြန်ပြီး ပေးခဲ့ပါတယ်။ ဒီအမိန့်တွေလိုပါပဲ နောက်တစ်ခါ ကျွန်တော်တို့ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီလက်ထက်

မှာလည်း အမိန့်အမှတ် (၂/၈၀) ထုတ်ပြန်ပြီးတော့ ညီညွတ်ခြင်းနှင့် ငြိမ်းချမ်းရေးစိတ်ဓာတ်ပွားများဖို့ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါတယ်။ နိုင်ငံရေးပြစ်မှုကျူးလွန်ခဲ့တဲ့ လူတွေ၊ နိုင်ငံတော်ကို ဆန့်ကျင်သောင်းကျန်းနေတဲ့သူတွေ၊ အခြားပြစ်မှုကျူးလွန်သူတွေ ပြစ်ဒဏ်ကျခံနေရတဲ့ နိုင်ငံသားတွေအပေါ်မှာ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါတယ်။ အဲဒီ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့တဲ့ အချိန်တိုင်းအချိန်တိုင်းမှာ ကျွန်တော်တို့ရဲ့ အမျိုးသားပြန်လည်ညီညွတ်ရေး စိတ်ဓာတ်တွေ ပွားများခဲ့ပါတယ်။ နောက်ပြီးတော့ အကြောင်းကြောင်းကြောင့် တစ်ချိန်တုန်းက လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်ပြီးတော့ အခု အကျဉ်းခံနေရတဲ့ပုဂ္ဂိုလ်များကိုလည်း ပြန်လည်လွတ်ဖို့ တံခါးဖွင့်နိုင်ခဲ့ပါတယ်။ ကျွန်တော့် ကိုယ်တွေ့ခံစားမှုကို ပြောရရင် အမိန့်အမှတ် (၄/၈၈) ထုတ်ပြန်ခဲ့တဲ့ အချိန်က ကျွန်တော့်ရဲ့ဆရာသမားဟောင်းများဖြစ်ကြတဲ့ လမ်းစဉ်ပါတီဌာနချုပ်မှာ တာဝန်ယူခဲ့တဲ့ ဗိုလ်မှူးကြီး ထွန်းလင်းတို့၊ ဗိုလ်မှူးကြီး တင်ဝင်းညိုတို့၊ ဗိုလ်မှူးတင်အေးကျော်တို့ ပြန်လွတ်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ အများကြီး ဝမ်းသာရပါတယ်။ သူတို့ကို ပြစ်ဒဏ်ပေးခဲ့တဲ့ ပုဂ္ဂိုလ်တွေကလည်း ပြန်လည်လွတ်လာတဲ့အခါမှာ မိသားစုသဖွယ် ရင်းရင်းနှီးနှီး နွေးထွေးစွာ ကြိုဆိုခဲ့ကြပါတယ်။ လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့် အခုအချိန်မှာလည်း အဝေးရောက်နေတဲ့ နိုင်ငံသားတွေ ပြန်လာနိုင်ဖို့၊ ဒီနေ့နိုင်ငံတော်ကနေ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေး ရယူတဲ့အခါမှာ အထောက်အကူပြုဖို့၊ အကြောင်းကြောင်းကြောင့် အကျဉ်းထောင်ထဲမှာ ပြစ်ဒဏ်ကျခံနေရတဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ပတ်သက်တဲ့ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရတဲ့ အကျဉ်းသားများအပါအဝင် အားလုံးပြန်လည်လွတ်မြောက်နိုင်ဖို့အတွက် ဒီနေ့အချိန်မှာ မြန်မာနိုင်ငံတော်ရဲ့ ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးစိတ်ဓာတ်တိုးပွားစေဖို့ နိုင်ငံတော်အစိုးရအနေနဲ့ သဘောထားကြီးပြီး အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ဆက်လက်ထုတ်ပြန်ပေးဖို့အတွက် နိုင်ငံတော်သမ္မတကြီးအား ဤလွှတ်တော်က မေတ္တာရပ်ခံပါသည်ဆိုတဲ့ အဆိုကို နိုင်ငံတော်ရဲ့ နောင်ရေးအတွက် လေးလေးနက်နက် ခံစားချက်ဖြင့် ကျွန်တော် ဒီအဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အဆိုကိုထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၅၁။**

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ ကျွန်တော်ကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် ဖြစ်ပါ

တယ်။ ဦးသိန်းညွန့်တင်ပြသွားသော အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ဆက်လက်ထုတ်ပြန်စေရေးအတွက် နိုင်ငံတော်သမ္မတအား ဤလွှတ်တော်က မေတ္တာရပ်ခံကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း

**အချိန်၊ ၁၃း၅၁။**

**ဥက္ကဋ္ဌ။** ။သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းတဲ့အဆိုကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်(တနင်္လာနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ၂၆-၈-၂၀၁၁ရက် နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ " ၂၁ ရာစုနှင့်ညီညွတ်သော၊ လူ့ဂုဏ်သိက္ခာကို အာမခံသော အကျဉ်းထောင်များအက်ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့ တင်သွင်း ဆွေးနွေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန် " အဆို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ ဦးသိန်းညွန့်ကပဲ အဆိုတစ်ခုထပ်မံတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၅၃။**

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။လေးစားအပ်သော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ ၂၁ ရာစုနှင့်ညီညွတ်သော၊ လူ့ဂုဏ်သိက္ခာကို အာမခံသော အကျဉ်းထောင်များ အက်ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး တတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးပါရန်ဆိုတဲ့ အဆိုဖြစ်ပါတယ်။ လေးစားအပ်သောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံအကျဉ်းထောင်များ လက်စွဲဥပဒေအား ၁၈၉၄ ခုနှစ်က ကိုလိုနီခေတ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ယခုကာလနှင့်ကြည့်ရင် နှစ်ပေါင်း ၁၀၀ ကျော်ပါ

ပြီ။ ခေတ်ကာလအခြေအနေ စီးပွားရေးအဆင့်အတန်း စသည်တို့နှင့်အားလုံးကြည့်တဲ့အခါမှာ အကျဉ်းထောင်ဥပဒေကတော့ ကျွန်တော်တို့ မဖြစ်မနေ ပြင်ရမယ့် ဥပဒေထဲမှာ ပါပါတယ်။ အဲတော့ ကျွန်တော် မူလထည့်ဆွဲတဲ့ ရပ်တည်ချက်တစ်ခုကို ထပ်ပြီးတော့ ထပ်လောင်းဖော်ပြပါရစေ။ ပြည်သူ့ဆန္ဒအသံ၊ ပြည်သူ့သဘောထားမပါတဲ့ ပြည်သူ့လွှတ်တော်ပါလီမန်က မပြဋ္ဌာန်းတဲ့ဥပဒေတွေ မှန်သမျှကို ကျွန်တော်တို့ ပြန်လည်ရုပ်သိမ်းဖို့၊ ပြန်လည်အသစ်ရေးဆွဲဖို့ အင်မတန်လိုအပ်နေပါတယ်။ မြန်မာနိုင်ငံအကျဉ်းထောင်ဥပဒေနဲ့ပတ်သက်ရင် ကိုလိုနီခေတ်က အကျဉ်းထောင်ဥပဒေဟာ အကျဉ်းနဲ့ဘဝ ဘယ်လောက်ဆိုးဝါးခဲ့တယ်ဆိုတာကို ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ပထမဦးဆုံး ဝန်ကြီးချုပ်ဖြစ်တဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုကိုယ်တိုင်က ရက်စက်ပါပေ့ကွယ်ဆိုပြီးတော့ ရေးခဲ့ရတဲ့အထိ ကျွန်တော်တို့ရဲ့အကျဉ်းထောင်တွေဟာ ဆိုးဝါးခဲ့ပါတယ်။ အဲဒီလို ရေးခဲ့တဲ့အချက်တွေဟာ နောက်ပိုင်းစံပြထောင်တို့၊ ဘာတို့အဖြစ် ပြုပြင်ခဲ့သော်လည်း လက်တွေ့မှာ အကျဉ်းသားဘဝရဲ့ ဆိုးဝါးမှုအခြေအနေဟာ ဆက်လက်အပြောင်းအလဲ အင်မတန်နည်းခဲ့ပါတယ်။ အထူးသဖြင့် ၁၉၆၃ ခုနှစ်၊ တော်လှန်ရေးကောင်စီလက်ထက်မှာ ဒီအကျဉ်းသားအကျဉ်းထောင်လက်စွဲဥပဒေထဲကကို အခန်း (၁၅) အကျဉ်းသားများရဲ့ အခွင့်အရေးကို ခွဲခြားအကျဉ်းသားအမျိုးအစားသတ်မှတ်မှုကို ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ လေးစားရသောဥက္ကဋ္ဌကြီးခင်ဗျား။ အကျဉ်းချုပ်တင်ပြရရင် ဒီအကျဉ်းသားအမျိုးအစားခွဲတယ်ဆိုတာ A အမျိုးအစား၊ B အမျိုးအစား၊ C အမျိုးအစား ခွဲခဲ့ပါတယ်။ B အမျိုးအစားဆိုရင် ဒီကနေ့အချိန်အထိ အားလုံးသိကြတဲ့ ရှေ့မီ နောက်မီပုဂ္ဂိုလ်များ ပိုသိတဲ့ B ကလပ်ပါပဲ။ B ကလပ်ပေးထားတဲ့အခါကျတော့ B ကလပ်အဆင့်သာ ရခဲ့ကြတဲ့ နိုင်ငံရေးအကျဉ်းသားတွေ လူမှုအဆင့်အတန်း မြင့်မားတဲ့သူတွေဟာ အကျဉ်းထောင်မှာ သူတို့ရဲ့လူ့ဘဝ ရှင်သန်ရေးအတွက် ကောင်းကောင်းမွန်မွန် သူတို့နေထိုင်ခဲ့တဲ့ အခွင့်အရေးတွေ ရခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ရခဲ့တဲ့ သူတို့ရဲ့ စားနပ်ရိက္ခာ အခွင့်အရေး၊ အဝတ်အစားအခွင့်အရေး၊ နေရေးထိုင်ရေးအခွင့်အရေးတွေကိုတော့ အကျဉ်းထောင်ဥပဒေမှာ အသေးစိတ် ရေးဆွဲထားခဲ့ပါတယ်။ အခုအချိန်မှာတော့ ဒီအခွင့်အရေးများဟာ ပြန်လည်ရုပ်သိမ်းထားတဲ့အတွက် ဒီနေ့ အကျဉ်းထောင်တွေမှာ ကျွန်တော်တို့ကြားသိရသမျှ သတင်းအရဆိုရင် အသက်ရှင်နေထိုင်ရေး အတွက် အင်မတန်မှ ရုန်းကန်နေကြရပါတယ်။ ဒါအကျဉ်းသား တော်တော်များများပါ။ ဒီကြားထဲမှာလည်း ကျန်းမာရေးနှင့်ပတ်သက်ရင်လည်း ဆေးဝါးကုသမှုအခက်အခဲတွေ အများကြီးရှိနေကြပါတယ်။ တစ်ခါဒီထက်ကို အကျဉ်းထောင်ဥပဒေမှာပေးထားတဲ့ ဒိဋ္ဌိသည်တော်များအဖွဲ့ပေါ့ အကျဉ်းထောင်ကို ဧည့်သည်တော်များအဖွဲ့က

ကြီးကြပ်တဲ့ အခွင့်အာဏာတို့၊ တရားသူကြီးများ အကျဉ်းထောင်ကို လှည့်လည်ပြီးတော့ စစ်ဆေးတဲ့ ပြီးတော့ အကျဉ်းသားတွေရဲ့လိုအပ်ချက် ဖြည့်ဆည်းပေးတဲ့ကိစ္စတို့ အဲဒါတွေကလည်း အခုဆိုရင် တော်တော်များများ ရပ်ဆိုင်းနေရတဲ့အခြေအနေ ရောက်နေပါတယ်။ အဲဒါတွေကြောင့် ဒီနေ့ ကျွန်တော်တို့ အကျဉ်းထောင်ရဲ့အခြေအနေကို ကျွန်တော်တို့ ပြန်ပြီးတော့ ပြုပြင်ပေးဖို့လိုအပ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖတ်ခဲ့ရတဲ့ ထောင်မှတ်တမ်းတွေအရဆိုရင် ဒီပါလီမန်ဒီမိုကရေစီအစိုးရခေတ်မှာ အကျဉ်းထောင်တွေမှာ B ကလပ်ရထားတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ထောင်တွင်းမှာ အားကစားပွဲတွေလုပ်နိုင်တယ်။ ပြင်ပကစာရေးဆရာကြီးများကို ဖိတ်ခေါ်နိုင်တယ်။ ပြီးတော့ ထောင်တွင်းမှာလည်း စာရေးနိုင်ခဲ့ပါတယ်။ ဟုတ်လား ကျွန်တော်တို့ ထောင်တွင်းစာအုပ်တွေနဲ့ နာမည်ကြီးခဲ့တဲ့ လူထုဦးလှဆိုရင် အကျဉ်းထောင်ထဲမှာပဲ စာအုပ်တော်တော်များများ ရေးသားခွင့်ရခဲ့ပါတယ်။ အဲဒီလို ရေးနိုင်အောင်လည်း အကျဉ်းထောင် လက်စွဲဥပဒေက ပြဋ္ဌာန်းပေးထားပါတယ်။ အခုဆိုရင် အကျဉ်းထောင်ထဲမှာ စာရေးခွင့် ဝတ္ထုစာအုပ်ကောင်းတွေ ထွက်ပေါ်လာဖို့၊ စာကောင်းပေကောင်းတွေ ထွက်ပေါ်လာဖို့ အခွင့်အလမ်းတွေမရှိပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ဟာ ကျွန်တော်တို့ ၂၁ ရာစုနဲ့ကိုက်ညီတဲ့ အကျဉ်းထောင်တွေဖြစ်ဖို့၊ ပြန်လည်ပြုပြင်ဖို့ တာဝန်ရှိပါတယ်။ ကျွန်တော် ၂၁ ရာစုနဲ့ပတ်သက်ပြီးတော့ အကျဉ်းထောင်တချို့ကို ပတ်သက်ပြီး ဖတ်တဲ့အခါမှာ နော်ဝေနိုင်ငံဆိုရင် သူ့အကျဉ်းထောင်ရဲ့ မူကိုက ပြုပြင်ရေးဖြစ်တယ်။ လက်စားချေရေး မဟုတ်ဘူး။ အဲဒါကို လက်တွေ့လည်း အကျဉ်းသားတွေကို ဒီမူအတိုင်းလေ့ကျင့်ပေးတယ်။ ဒါသူတို့က ဖွံ့ဖြိုးမှုနိုင်ငံဆိုတော့ အစားအသောက်၊ အနေအထိုင်၊ ကျန်းမာရေးလေ့ကျင့်မှု ပြီးပြည့်စုံတဲ့ အချက်များကိုတော့ ကျွန်တော်မထောက်ပြလိုပါဘူး။ ကျွန်တော် ထောက်ပြချင်တာက ကျွန်တော်တို့နိုင်ငံရဲ့ အဆင့်အတန်း၊ ကျွန်တော်တို့ရဲ့လူနေမှုဘဝ၊ ကျွန်တော်တို့ပေးနိုင်တဲ့ အခွင့်အရေးတွေကို ကျွန်တော်တို့ လက်ထက်မှာ အကျဉ်းထောင်ဥပဒေကို ပြန်လည်ရေးဆွဲဖို့ လိုအပ်ပါတယ်။ လေးစားအပ်သော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ဘဝဖြစ်ရပ်တစ်ခုကို ကျွန်တော် တင်ပြချင်ပါတယ်။ ကျွန်တော် ၁၉၆၃-၆၄ တုန်းက မော်လမြိုင်အကျဉ်းထောင်မှာ ထားဝယ်လွှတ်တော်ကိုယ်စားလှယ်အမတ်ကြီး ဖဆပလ ဝန်ကြီးချုပ် ဦးဘဆွေရဲ့ဦးလေး ဦးစင်ကွိုင်နဲ့ ကျွန်တော်ကြုံခဲ့ပါတယ်။ တနင်္သာရီတိုင်း လွှတ်တော်ကိုယ်စားလှယ်တွေ ဒီနာမည်ကို ကြားဖူးကြမှာပါ။ အဲဒီအချိန်မှာ ကျွန်တော်တို့ အကျဉ်းထောင်ထဲမှာ ကျွန်တော်တို့ နေတဲ့အခန်းတွေမှာ မီးမရှိပါဘူး။ အဲဒီတော့ ထားဝယ်အမတ်ကြီးက မီးမရှိတဲ့အပြစ်ကို အမြဲတမ်း သူထပ်တလဲလဲ ညည်းတွားပါတယ်။ အဲဒီတော့ ကျွန်တော်

မေးပါတယ်။ အန်ကယ်ဦးစင်ကွိုင် အန်ကယ် ဖဆပလခေတ်မှာ ၁၉၄၈ ကနေ ၁၉၆၂ထိ တောက်လျှောက် အန်ကယ်အမတ်ဖြစ်ခဲ့တယ်။ အန်ကယ် လွှတ်တော်မှာ ဘာတာဝန်ကို ယူလဲလို့ မေးတော့ တရားရေးကော်မတီမှာ ဥက္ကဋ္ဌတာဝန်ယူတယ်။ အဲဒီတုန်းက အကျဉ်းထောင် လိုအပ်ချက်တွေအကျဉ်းထောင်ပြုပြင်ချက်တွေကို အန်ကယ် လွှတ်တော်မှာ မတင်ခဲ့ဘူးလားလို့မေးတော့ အန်ကယ်ဦးစင်ကွိုင် ဖြေတဲ့စကားက ကနေ့ထိ ကျွန်တော် မှတ်မိပါတယ်။ ဘယ်ထင်မလဲကွာတဲ့။ ခုလို ကိုယ့်အလှည့်ရောက်မယ်လို့ ထင်မှမထင်ဘဲ။ အဲဒီ စကားလေးကို ကျွန်တော် ဆောင်းပါးရေးနိုင်ဖို့ အမြဲတမ်း ကျွန်တော်ကြိုးစားခဲ့ပါတယ်။ ပြည်တွင်းမှာတော့ မရခဲ့ပါဘူး။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ စာနာစိတ်၊ ဂရုဏာစိတ်၊ မေတ္တာစိတ်အပေါ်မှာပဲ အခြေခံပြီးတော့ ကနေ့ ရောက်နေတဲ့ အကျဉ်းသားတွေ၊ နောင်ရောက်လာမယ့်အကျဉ်းသားတွေကို ကာကွယ်ဖို့အတွက် မြန်မာနိုင်ငံမှာ ၂၁ ရာစုနဲ့ ညီညွတ်တဲ့ လူ့ဂုဏ်သိက္ခာကို အာမခံတဲ့ အကျဉ်းထောင်များ အက်ဥပဒေ(မူကြမ်း)တစ်ရပ် ရေးဆွဲပြီးတော့ ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးပါရန် အဆိုကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် ဤပြည်သူ့လွှတ်တော်သို့ ကျွန်တော်လေးလေးစားစား တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၀၁။**

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင်။ ကျွန်မက ရှေ့နေလုပ်တဲ့ သက်တမ်းတစ်လျှောက်မှာ အကျဉ်းထောင်များနှင့် ရင်းနှီးခဲ့ပါတယ်ရှင်။ အကျဉ်းထောင်များနဲ့ ရင်းနှီးတဲ့အချိန်မှာ အကျဉ်းထောင်အထဲထိလည်းသွားပြီးတော့ လည်ခဲ့တဲ့ အဖြစ်အပျက်များလည်းရှိခဲ့ပါတယ်ရှင်။ အကျဉ်းထောင်ထဲကို ရောက်သွားတဲ့အချိန်မှာ အကျဉ်းသားများရဲ့ စိတ်ဆန္ဒတွေရော၊ ဒီအကျဉ်းထောင်များကို ဦးစီးနေတဲ့ဝန်ထမ်းတွေရဲ့ စိတ်ဆန္ဒကိုပါ ကျွန်မ ကြားသိခဲ့ရပါတယ်။ သူတို့ရဲ့ လိုလားချက်က ဘာလဲဆိုတော့ ဒီအကျဉ်းထောင်များရဲ့ ဥပဒေတွေကို ခေတ်နဲ့လျော်ညီတဲ့ ဥပဒေတွေ ဖြစ်စေချင်ပါတယ်ဆိုပြီးမှ အကုန်လုံး ဝန်ထမ်းများရော၊ ဒီအကျဉ်းသားများကပါ ရင်ဖွင့်ခဲ့ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်မက ဒီအဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံပါတယ်ရှင်။(ဩဘာသံများ)

## အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း

**အချိန်၊ ၁၄း၀၂။**

**ဥက္ကဋ္ဌ။** ။ဒီအဆိုကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်(တနင်္လာနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ၂၆ ရက်နေ့နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၀၃။**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်(သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၄း၀၅ နာရီ အချိန်တွင် ရပ်နားပါသည်။]